# မန္တလေး နေ့စဉ်

The Mandalay Daily

၁၉၉၇ ခုနှစ် နိုဝင်ဘာလ ၃၀ ရက် စတင်ထုတ်ဝေသည်။

အတွဲ(၂၇)၊ အမှတ်(၂၁၈)၊ ၁၃၈၆ ခုနှစ်၊ ဝါဆိုလဆန်း ၅ ရက်၊ ၁၀-၇-၂၀၂၄၊ ဗုဒ္ဓဟူးနေ့။


**မြတ်ဗုဒ္ဓ၏ အဆုံးအမတရား**

(သစ္စာလေးပါးဟူသည်ကား) ဆင်းရဲအမှန်ဖြစ်သော ဒုက္ခသစ္စာ၊ ဆင်းရဲခြင်း၏ အကြောင်းရင်းအမှန်ဖြစ်သော သမုဒယသစ္စာ၊ ဆင်းရဲမှ လွတ်မြောက်ရာအမှန်ဖြစ်သော နိရောဓသစ္စာ၊ ဆင်းရဲငြိမ်းရာ နိဗ္ဗာန်သို့ရောက်ကြောင်း အစစ်ဖြစ်၍ မြတ်သော အင်္ဂါရှစ်ပါးနှင့် ပြည့်စုံသော မဂ္ဂသစ္စာ။ (ဤလေးပါးတည်း။) (ဓမ္မပဒ)

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ရှေ့လုပ်ငန်းစဉ် (၅) ရပ်

၁။ လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး ပြည်ထောင်စုတစ်ဝန်းလုံး တည်ငြိမ်အေးချမ်း၍ တရားဥပဒေစိုးမိုးရေး အပြည့်အဝရရှိလာအောင် အလေးထားဆောင်ရွက်သွားမည်။

၂။ တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့်အကျုံးဝင်သော စိုက်ပျိုးမွေးမြူရေးကို အခြေခံသည့် ကုန်ထုတ်လုပ်ငန်းများအား မြှင့်တင်၍ နိုင်ငံ့စီးပွားမြင့်မားရေးနှင့် ပြည်သူလူထုတစ်ရပ်လုံး၏ လူမှုစီးပွားဘဝမြင့်မားရေး ဆက်လက်ကြိုးပမ်းဆောင်ရွက်သွားမည်။

၃။ နိုင်ငံတော်၏ ပကတိအနှစ်သာရဖြစ်သော ပြည်တွင်းငြိမ်းချမ်းရေးနှင့် ရရှိထားသည့် ပြည်တွင်းငြိမ်းချမ်းရေးရလဒ်များ တည်ငြိမ်မှုရှိစေရေးအတွက် (NCA)ပါ သဘောတူညီချက်များအတိုင်းဖြစ်နိုင်သမျှ အလေးထား လုပ်ဆောင်သွားမည်။

၄။ စစ်မှန်စည်းကမ်းပြည့်ဝသည့် ပါတီစုံဒီမိုကရေစီစနစ်ခိုင်မာစေရေးနှင့် ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် ပြည်ထောင်စုတည်ဆောက်ရေးလုပ်ငန်းစဉ်များကို အရှိန်အဟုန်ဖြင့် ဆက်လက်ဆောင်ရွက်သွားမည်။

၅။ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူအားလုံး၏ အခွင့်အရေးများနစ်နာမှုမရှိစေရေးနှင့် နည်းလမ်းကျန မှန်ကန်မှုရှိသည့် အထွေထွေရွေးကောက်ပွဲတစ်ရပ်ဖြစ်စေရေး ဆောင်ရွက်ခြင်း၊ အရေးပေါ်ကာလဆိုင်ရာ ပြဋ္ဌာန်းချက်များနှင့်အညီ ဆောင်ရွက်ခြင်းတို့ပြီးစီးပါက လွတ်လပ်ပြီး တရားမျှတသော ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကျင်းပ၍ ထွက်ပေါ်လာသည့်အစိုးရအား နိုင်ငံတော်တာဝန်လွှဲအပ်နိုင်ရေး ဆက်လက်ဆောင်ရွက်သွားမည်။

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ချင်းတောင်မြို့ရှိ ချင်းတောင် ဟိုင်အလ်အဖွဲ့နှင့် ချင်းတောင်သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုစင်တာများသို့ လှည့်လည်ကြည့်ရှုလေ့လာ

နေပြည်တော် ဇူလိုင် ၉

တရုတ်ပြည်သူ့သမ္မတ နိုင်ငံ ချင်းတောင်မြို့၌ ရောက်ရှိနေသည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ နံနက်ပိုင်းတွင် ချင်းတောင်မြို့အတွင်းရှိ ချင်းတောင် ဟိုင်အလ်အဖွဲ့ (Qingdao Haier Group)နှင့် ချင်းတောင်သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုစင်တာ (Qingdao Hisense Research and Development Center)များသို့ လှည့်လည်ကြည့်ရှုလေ့လာကြသည်။

**ကြိုဆိုနှုတ်ဆက်**

ဦးစွာ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၉ နာရီခွဲတွင် ချင်းတောင် ဟိုင်အလ်အဖွဲ့ (Qingdao Haier Group)သို့ ရောက်ရှိရာ ဒုတိယညွှန်ကြားရေးမှူးချုပ် မစ္စတာ လျိုဒလင်(Mr. Liu Dalin)နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

စာမျက်နှာ ၃ သို့ ❖



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း ချင်းတောင်မြို့ရှိ ချင်းတောင် ဟိုင်အလ်အဖွဲ့အတွင်း ကြည့်ရှုလေ့လာစဉ်။

## နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်

နေပြည်တော် ဇူလိုင် ၉

**နောက်(၂)ရက်အတွက် ခန့်မှန်းချက်မှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တောင်ပိုင်းတို့တွင် မုတ်သုံလေ အားအသင့်အတင့်ရှိမည်။

**နေပြည်တော်နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မိုးအသင့်အတင့် ထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**ရန်ကုန်မြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မန္တလေးမြို့နှင့် အနီးတစ်ဝိုက်အတွက် မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** နေရာကွက်ကျား မိုးထစ်ချုန်းရွာမည်။ ရွာရန်ရာနှုန်း(၈၀) ဖြစ်ပါသည်။

မိုး/ဓလ

## ယနေ့ ဖတ်စရာအညွှန်း


ယခုဘဏ္ဍာနှစ် ၃ လတာအတွင်း ပြည်တွင်း၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၉ ခု ဝင်ရောက်လာ

စာမျက်နှာ ၁၂

ဆံပင်ကျွတ်ခြင်းကို သက်သာစေတဲ့ ပဲနံ့သာစေ့

စာမျက်နှာ ၁၄

၂၀၂၄ ခုနှစ်၊ ဇူလိုင် ၁၀ ရက်၊ ဗုဒ္ဓဟူးနေ့။

## ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်ရေးဆောင်ရွက်လျက်ရှိ

ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းများကို ၂၀၂၃-၂၀၂၄ ဘဏ္ဍာရေးနှစ်အတွင်း သမဝါယမနှင့်ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာနနှင့် ဆက်စပ်ဝန်ကြီးဌာနများမှ အကောင်အထည်ဖော်ဆောင်ရွက်နိုင်မှုအနေဖြင့် ကျေးလက်လမ်းလုပ်ငန်းများကို လမ်းအရှည်(၂၂၃၂)မိုင်ကျော် တံတား(၃၁၅၈)စင်း(၆၅၅၀၀)ပေ၊ ကျေးလက်ရေရရှိရေး လုပ်ငန်းပေါင်း(၂၉၄၁)ခု၊ ကျေးလက်မီးလင်းရေးလုပ်ငန်းကို တစ်အိမ်သုံး ဆိုလာစနစ်ဖြင့် ကျေးရွာ(၉၂၇)ရွာ ၊အိမ်ခြေ (၄၄၈၉၆)၊ အသေးစားဓာတ်အားပေးလုပ်ငန်းဖြင့် ကျေးရွာ(၁၃)ရွာ၊ အိမ်ခြေ (၂၄၁၅)၊ မဟာဓာတ်အားလိုင်းစနစ်ဖြင့် ကျေးရွာ(၉၂၇)ရွာ၊ အိမ်ခြေ (၁၆၈၅၀၂)၊ မဟာဓာတ်အားလိုင်း (Off-grid)အနေဖြင့် လျှပ်စစ်သွယ်တန်းခြင်း(၀ ဒသမ ၅၆မိုင်)ကို ဆောင်ရွက်နိုင်ခဲ့သည်။

ထို့ပြင် အသက်မွေးဝမ်းကျောင်း အထောက်အကူပြုသင်တန်းအကြိမ်ရေ (၁၈၆၃)ကြိမ်၊ သင်တန်းသား ဦးရေ(၃၇၅၂၆)ဦးဖြင့် ဖွင့်လှစ်နိုင်ခဲ့ပြီး (၁၁၃၆၈)ဦး အလုပ်အကိုင်ရရှိအောင် ဆောင်ရွက်ပေးနိုင်ခဲ့သည်။ ခေတ်မီ စံပြကျေးရွာထူထောင်ခြင်းလုပ်ငန်း(၄၅)ရွာ၊ ကျေးလက်စီးပွားမြင့်မားရေးရန်ပုံငွေ ထူထောင်ခြင်းလုပ်ငန်း(၅၂)ယူနစ်၊ မြစိမ်းရောင် စီမံကိန်း(၂၄၅)ယူနစ်၊ ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်း(၁၈၆၄)ရွာ၊ Cash for Work စီမံကိန်း(၉၈)ရွာတို့အား ဆောင်ရွက်ပေးနိုင်ခဲ့သည်။

နိုင်ငံတော်အစိုးရအနေနဲ့ အမျိုးသားအကျိုးစီးပွားကို ရှေးရှုပြီး အမျိုးသားရေးရည်မှန်းချက်ဖြစ်တဲ့ တိုင်းပြည်သာယာဝပြောရေးနဲ့ စားရေရိက္ခာဖူလုံရေးအတွက် တိုင်းရင်းသားပြည်သူတစ်ရပ်လုံးနှင့် အကျုံးဝင်သော ဘက်စုံဖွံ့ဖြိုးတိုးတက်ရေးကို ကြိုးပမ်းဆောင်ရွက်လျက်ရှိပါကြောင်း။ နိုင်ငံတော်ကြီးဘက်စုံ၊ ကဏ္ဍစုံဖွံ့ဖြိုးတိုးတက်စေရေးအတွက် ချမှတ်ထားသော ရှေ့လုပ်ငန်းစဉ်(၅)ရပ်၊ ဦးတည်ချက်(၉)ရပ်ကိုလည်း အောင်မြင်စွာ အကောင်အထည်ဖော်နိုင်ရေးအတွက် ဘက်ပေါင်းစုံမှ ကြိုးပမ်းဆောင်ရွက်လျက်ရှိတာကို အားလုံးအသိပဲ ဖြစ်ပါကြောင်း ပြည်ထောင်စုဝန်ကြီး ဦးလှမိုးက ဇူလိုင် ၉ ရက် နံနက်ပိုင်းတွင် သမဝါယမနှင့် ကျေးလက်ဖွံ့ဖြိုးရေးဝန်ကြီးဌာန၊ ရုံးအမှတ်(၁၆)၊ ပြည်ထောင်စုဝန်ကြီးရုံး အစည်းအဝေးခန်းမ၌ ကျင်းပသည့် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းကြီးကြပ်မှုကော်မတီ၏ ပဉ္စမအကြိမ် လုပ်ငန်းညှိနှိုင်းအစည်းအဝေး(၁/၂၀၂၄)တွင် ပြောကြားခဲ့သည်။

ပြည်ထောင်စုဝန်ကြီးက ဆက်လက်ပြောကြားရာတွင် နိုင်ငံ့လူဦးရေ ၇၀ ရာခိုင်နှုန်းကျော်ရှိတဲ့ ကျေးလက်နေပြည်သူများရဲ့ လူမှုစီးပွားဘဝ ဖွံ့ဖြိုးတိုးတက်မှသာ နိုင်ငံ့စီးပွား ဖွံ့ဖြိုးလာစေမှာဖြစ်တဲ့အတွက် နိုင်ငံတော်အစိုးရအနေနဲ့ စိုက်ပျိုးမွေးမြူရေးအခြေခံတဲ့ ကုန်ထုတ်လုပ်မှုဖွံ့ဖြိုးတိုးတက်ရေးကို ပထမဦးစားပေး ဆောင်ရွက်လျက်ရှိပြီး ဒုတိယဦးစားပေးအနေနဲ့ အသေးစား၊ အငယ်စားနဲ့ အလတ်စားစီးပွားရေးလုပ်ငန်း ဖွံ့ဖြိုးတိုးတက်ရေးကို အထူးအလေးပေးဆောင်ရွက်လျက်ရှိပါကြောင်းပြောကြားခဲ့သည်။

ကျေးလက်နေပြည်သူများ၏ လူမှုစီးပွားဘဝဖွံ့ဖြိုးတိုးတက်ရေးအတွက် ဆောင်ရွက်လျက်ရှိရာတွင် ကျေးလက်ဒေသရှိ စိုက်ပျိုးမွေးမြူရေး လုပ်ကိုင်သူများအတွက် လိုအပ်လျက်ရှိတဲ့ သွင်းအားစုနဲ့ ငွေကြေးအရင်းအနှီးများ ထောက်ပံ့ပေးခြင်း၊ တန်ဖိုးမြှင့် ထုတ်ကုန်များ ပိုမိုထုတ်လုပ်လာနိုင်အောင် သုတေသနလုပ်ငန်းများနဲ့ ဈေးကွက်ချိတ်ဆက်ရေးကိစ္စရပ်များ ဆောင်ရွက်ပေးခြင်း၊ ကျေးလက်အခြေခံအဆောက်အအုံ လုပ်ငန်းများဖြစ်သော လမ်းပန်းဆက်သွယ်ရေး၊ ရေရရှိရေး၊ လျှပ်စစ်မီးရရှိရေးလုပ်ငန်းများနဲ့ အသက်မွေးဝမ်းကျောင်းဖွံ့ဖြိုးရေးလုပ်ငန်းအပြင် ကျေးလက်နေပြည်သူများရဲ့ အဖွဲ့အစည်းဆိုင်ရာ စွမ်းဆောင်ရည်မြင့်မားအောင်ဆောင်ရွက်ပေးခြင်း စတဲ့ ဖွံ့ဖြိုးရေးဆိုင်ရာ ကိစ္စရပ်တွေကို အထူးအလေးထား ဆောင်ရွက်လျက်ရှိကြောင်း ရေးသားလိုက်ရပေသည်။

## သမဝါယမကောလိပ်(မန္တလေး) နှစ်(၃၀)မြောက် ငွေရတုအထိမ်းအမှတ် စာမူရှင်များအား ဂုဏ်ပြုပွဲ ကျင်းပ

**မန္တလေး ဇူလိုင် ၉**

မန္တလေးတိုင်းဒေသကြီး၊ ပုသိမ်ကြီးမြို့နယ်၊ ရန်ကင်းတောင်ခြေရှိ သမဝါယမကောလိပ်(မန္တလေး)၏ နှစ်(၃၀)မြောက် ငွေရတုအထိမ်းအမှတ် မဂ္ဂဇင်း စာမူရှင်များအား ဂုဏ်ပြုပွဲအခမ်းအနားကို ယနေ့ မွန်းလွဲ ၁ နာရီက အဆိုပါကျောင်းရှိ စာကြည့်တိုက်၌ ကျင်းပရာ သမဝါယမကောလိပ်(မန္တလေး) ကျောင်းအုပ်ကြီး ဒေါက်တာ တင်မူအေး ဒုတိယကျောင်းအုပ်ကြီး ဦးတင်မြင့်နှင့် အဆိုပါ မဂ္ဂဇင်းတွင် ပါဝင်ရေးသားခဲ့ကြသော စာရေးဆရာများနှင့် ဆရာမများ တက်ရောက်ကြသည်။

ရှေးဦးစွာ သမဝါယမကောလိပ်(မန္တလေး) ကျောင်းအုပ်ကြီး ဒေါက်တာ တင်မူအေးက ကျေးဇူးတင်စကားပြောကြားသည်။ ထို့နောက် ဒုတိယကျောင်းအုပ်ကြီး ဦးတင်မြင့်က မဂ္ဂဇင်းဖြစ်မြောက်ရေးအတွက် ဆောင်ရွက်ခဲ့ပုံအဆင့်ဆင့်တို့ကို ရှင်းလင်းပြောကြားကြသည်။**(အောက်ပုံ)**

ထို့နောက် ပုသိမ်ကြီးမြို့နယ်စာရေးဆရာအသင်းဥက္ကဋ္ဌ နိုင်စေရ(မန်းတက္ကသိုလ်)၊ သိန်းသန်းဝင်း(မလှိုင်)နှင့် နိုင်ဗလတို့က ကျေးဇူးတင်စကားများ အသီးသီး ပြောကြားကြသည်။

ဆက်လက်၍ ပါဝင်ရေးသားခဲ့ကြသော စာရေးဆရာများက တစ်ဦးချင်း မိတ်ဆက်စကားပြောကြားကြပြီး သမဝါယမကောလိပ်(မန္တလေး) နှစ်(၃၀) မြောက် ငွေရတုမဂ္ဂဇင်းကို တာဝန်ရှိသူများက တစ်ဦးချင်းစီကို ပေးအပ်ကြသည်။

ဆက်လက်၍ တက်ရောက်လာကြသော စာမူရှင်များအား ကျောင်းအုပ်ကြီး အမှူးပြုသော တာဝန်ရှိသူများက လက်ဖက်ရည်နှင့် မုန့်မျိုးစုံ တည်ခင်းဧည့်ခံခဲ့ကြောင်း သိရသည်။

(ဝ၄၀)



## ဧရာဝတီမြစ်ရေသည် မန္တလေးဆိပ်ကမ်းတွင် စိုးရိမ်ရေအမှတ်အထက်ရောက်ရှိ ရေဘေးကြိုတင်ကာကွယ်ရေးလုပ်ငန်းများ စီမံဆောင်ရွက်

**မန္တလေး ဇူလိုင် ၉**

မန္တလေးဆိပ်ကမ်း၊ ဧရာဝတီမြစ်ရေသည် ဇူလိုင် ၉ ရက် ညနေ ၆ နာရီခွဲအချိန် တိုင်းထွာချက်များအရ စိုးရိမ်ရေအမှတ်အထက် တစ်ပေနီးပါး ရောက်ရှိနေပြီး ဌာနဆိုင်ရာများ ပူးပေါင်းကာ ရေဘေးကြိုတင်ကာကွယ်ရေးအတွက် စီမံဆောင်ရွက်ထားကြောင်း သိရသည်။

"ဒီနေ့ နံနက်မှာ စိုးရိမ်ရေအမှတ်အထက် ကျော်သွားပြီ။ မီးသတ်တပ်ဖွဲ့ဝင်တွေက မြစ်ရေအခြေအနေကို ရေကင်း ငါးခုမှာ ၂၄ နာရီစောင့်ကြည့်နေပါတယ်။ ဒီနေ့မှာ အောင်မြေသာစံမြို့နယ်က အ.မ.က-၃၅ မှာ ရေဝင်လို့ မီးသတ်တပ်ဖွဲ့ဝင်တွေ ကူညီဆောင်ရွက်နေပါတယ်"ဟု မန္တလေးတိုင်းဒေသကြီး မီးသတ်ဦးစီးဌာန ဒုတိယညွှန်ကြားရေးမှူးက ပြောသည်။

သဘာဝဘေး ကာကွယ်ရေးအတွက် မန္တလေးတိုင်းဒေသကြီးတွင် ဖွဲ့စည်းထားသော ရှာဖွေကယ်ဆယ်ရေးအဖွဲ့နဲ့ ပစ္စည်းကိရိယာများနှင့်အတူ ဆောင်ရွက်ထားပြီး အကူအညီတောင်းလာပါက ကူညီနိုင်ရန် စက်လှေ ၃၂ စီးကို သက်ဆိုင်ရာ ရေဆိပ်များ၌ အသင့်အနေအထားရှိနေကြောင်း၊ နှစ်စဉ် ရေဝင်တတ်သည့် မြေနိမ့်ပိုင်းရပ်ကွက်များသို့ ကြိုတင်အသိပေးခြင်းနှင့် သတိပေးဆော်သြခြင်းများဆောင်ရွက်ထားကြောင်း သိရသည်။

မြစ်ရေ မြင့်တက်လာမှုအပေါ် အချိန်နှင့်တစ်ပြေးညီ ကယ်ဆယ်ရေးဆောင်ရွက်နိုင်ရန် အသင့်အနေအထားဆောင်ရွက်ထားရာ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီအနေဖြင့်လည်း ဆိပ်ကမ်းတစ်လျှောက်တွင် မြို့နယ်အလိုက် သဲအိတ်များ ချထားခြင်းနှင့် အရေးပေါ်ကယ်ဆယ်ရေးအတွက် အင်အားစုဖွဲ့ကာ စီစဉ်ထားရှိကြောင်း သိရသည်။ **(အောက်ဝဲပုံ)**

"မြစ်ရေကြီးလာရင် ကာကွယ်နိုင်ဖို့ သဲအိတ်တွေကို ဆိပ်ကမ်းတစ်လျှောက် မြို့နယ် ၆ ခုမှာ သဲအိတ်တွေ အသင့်ချထားတဲ့အပြင် အရေးပေါ်အခြေအနေမှာ ကူညီဆောင်ရွက်နိုင်ဖို့ ဝန်ထမ်းအစုအဖွဲ့အလိုက် အသင့်အနေအထား ပြင်ဆင်ထားပါတယ်"ဟု မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ၊ သန့်ရှင်းရေးဌာနမှ တာဝန်ရှိသူက ပြောသည်။

မန္တလေးဆိပ်ကမ်း၊ ဧရာဝတီမြစ်ရေသည် ယနေ့ ညနေ ၆ နာရီခွဲအချိန်တိုင်းထွာချက်များအရ ၁၂၇၅ စင်တီမီတာဖြစ်၍ စိုးရိမ်ရေအမှတ် ၁၂၆၀ စင်တီမီတာအထက် ၂၄ စင်တီမီတာ(၁ ပေနီးပါး)ကျော်လွန် ရောက်ရှိနေကြောင်း သိရသည်။

(မန္တလေးနေ့စဉ်-၉)



**သတင်းများ Online မှ တစ်ဆင့်ပေးပို့နိုင်**

မန္တလေးနေ့စဉ်သတင်းစာတိုက်သို့ ပေးပို့လျက်ရှိသော သတင်းများအား mdydailynews paper@gmail.com မှတစ်ဆင့် အချိန်မီပေးပို့နိုင်ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီ မန္တလေးနေ့စဉ်သတင်းစာကို ထုတ်ဝေခွင့်အမှတ်(၀၁၀၄၁) မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီပုံနှိပ်တိုက် ပုံနှိပ်ထုတ်ဝေခွင့် (၀၁၂၈၁)၊ ၃၅လမ်းနှင့် ၇၁လမ်းထောင့်တွင် ပုံနှိပ်ထုတ်ဝေသည်။ စာတိုက်သေတ္တာအမှတ်(၃၆)၊ ကြေးနန်းလိပ် မန်း/နေ့စဉ်၊ အယ်ဒီတာ၊ သတင်းထောက်၊ ကွန်ပျူတာ၊ စာပြင်၊ ဖြန့်ချိရေး၊ ပုံနှိပ် ဖုန်း ၀၂-၂၈၄၇၃၉၈၊ ၀၂-၂၈၃၂၀၀၇ ၊ mdydailynewspaper@gmail.com

ကြော်ငြာဌာန
ဖုန်း/ Fax-၀၂-၄၀၆၉၉၆၂၊
၂၉လမ်း၊၇၃လမ်းနှင့်၇၄လမ်းကြား၊

❖ ရှေ့ဖုံးမှ

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် Haier Group အတွင်း လှည့်လည်ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက ဟိုင်အလ်အဖွဲ့ဆိုင်ရာ အချက်အလက်များ၊ Haier Group မှ ထုတ်လုပ်သည့် နည်းပညာမြင့် ခေတ်မီအီလက်ထရောနစ်ပစ္စည်းများ၊ ကျန်းမာရေးဆိုင်ရာ နည်းပညာမြင့် စက်ပစ္စည်းများ၊ မော်တော်ယာဉ်များ၊ တန်ဖိုးမြင့်မားသည့် ကမ္ဘာလုံးဆိုင်ရာ ထိပ်တန်းအမှတ်တံဆိပ်များတွင် နံပါတ် (၁) အဖြစ် ခုနစ်နှစ်ဆက်တိုက်ရပ်တည်ခဲ့မှု အခြေအနေနှင့် ဆက်လက်တိုးချဲ့ဆောင်ရွက်သွားမည့် အစီအမံများကို လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး အမှတ်တရလက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ကြသည်။




နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်း Hisense ချင်းတောင် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု စင်တာအတွင်း ကြည့်ရှုလေ့လာစဉ်။

### ၁၉၈၄ ခုနှစ်တွင် စတင်တည်ထောင်

ချင်းတောင် ဟိုင်အလ်အဖွဲ့ (Qingdao Haier Group)ကို ၁၉၈၄ ခုနှစ်တွင် စတင်တည်ထောင်ခဲ့ပြီး ပိုမိုကောင်းမွန်သည့် လူနေမှုဘဝနှင့် ဒစ်ဂျစ်တယ်အသွင်ပြောင်းလဲမှုတို့အတွက် ကမ္ဘာ့ထိပ်တန်းဖြေရှင်းမှုများကို ထောက်ပံ့ပေးလျက်ရှိသည်။ ဟိုင်အလ်အဖွဲ့သည် ခေတ်ဆန်သော လူနေမှုနှင့် စက်မှုလုပ်ငန်းသုံး အင်တာနက်စသည့် အဓိကလမ်းကြောင်း နှစ်ခုကို တည်ထောင်ထားပြီး သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုစင်တာ ၁၀ ခု၊ သုတေသနအဖွဲ့အစည်း ၇၁ ဖွဲ့၊ စက်မှုဥယျာဉ် ၃၅ ခု၊ ကုန်ထုတ်လုပ်မှုစင်တာ ၁၄၃ ခုနှင့် ကမ္ဘာတစ်ဝန်းတွင် အရောင်းကွန်ရက်ပေါင်း ၂၃၀၀၀၀ ကို တည်ထောင်ထားရှိကြောင်း သိရသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် နံနက် ၁၀ နာရီခွဲတွင် Hisense ချင်းတောင် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု စင်တာ (Hisense Qingdao Research and Deveolpment Center) သို့ရောက်ရှိရာ ဒုတိယမန်နေဂျာ မစ္စ ချန် ဆိုင် ချာ(Ms. Zhen Cai Xia) နှင့် တာဝန်ရှိသူများက ကြိုဆိုနှုတ်ဆက်ကြသည်။

ထို့နောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်သည် စင်တာအတွင်း လှည့်လည်ကြည့်ရှုလေ့လာရာ တာဝန်ရှိသူများက Hisense စင်တာ၏ နောက်ခံသမိုင်းအကျဉ်းနှင့် Hisense အမှတ်တံဆိပ်ဖြင့် ထုတ်လုပ်သည့် နည်းပညာမြင့် ခေတ်မီအီလက်ထရောနစ်ပစ္စည်းများ၊ နည်းပညာများဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု၊ ထုတ်ကုန်အသစ်နှင့် စက်မှုအဆင့်မြင့်တင်ရေးဆိုင်ရာ ဖွံ့ဖြိုးတိုးတက်မှု အခြေအနေများကို လိုက်လံရှင်းလင်းပြသကြသည်။

ယင်းနောက် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်က သိရှိလိုသည်များကို မေးမြန်းဆွေးနွေးပြီး အမှတ်တရလက်ဆောင်ပစ္စည်းများအပြန်အလှန်ပေးအပ်ကြသည်။

ချင်းတောင် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု စင်တာသည် Hisense ၏ ကမ္ဘာလုံးဆိုင်ရာ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှု ရုံးချုပ်ဖြစ်ပြီး ချင်းတောင်မြို့ လာရှန်ခရိုင်တွင် တည်ရှိကာ ကုန်းမြေဧရိယာ စတုရန်းမီတာ ၂၂၇၀၀၀ ရှိသည်။ ယင်းဧရိယာအတွင်း တီဗွီနှင့် ဆက်သွယ်ရေးကို အဓိကထားသည့် အီလက်ထရွန်နစ် သတင်းအချက်အလက် လုပ်ငန်း၊ ပို့ဆောင်ရေး၊ ကျန်းမာရေးနှင့် လူနေအိမ်တို့ကို အဓိကထားသည့် စက်မှုနည်းပညာ အချက်အလက်လုပ်ငန်း၊ ရေခဲသေတ္တာ၊ လေအေးပေးစက်၊ အဝတ်လျှော်စက်၊ မီးဖိုချောင်နှင့် ရေချိုးခန်းအသုံးအဆောင်များ စသည်တို့ကို အဓိကထားသည့် အိမ်သုံးပစ္စည်းလုပ်ငန်းဟူ၍ သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုဧရိယာ သုံးခုခွဲခြားပြီး ဆောင်ရွက်လျက်ရှိကြောင်း၊ ထိုကဲ့သို့ သုတေသနပြုရာမှ ရရှိလာသည့် နည်းပညာ၊ နည်းစနစ်များနှင့်အညီ ထုတ်ကုန်ပစ္စည်းများကို သုံးစွဲသူများ၏ လိုလားချက်များနှင့် ကိုက်ညီအောင် အဆင့်မြင့်တင်ထုတ်လုပ်လာနိုင်မှုကြောင့် ၂၀၂၃ ခုနှစ်တွင် Hisense သည် နှစ်စဉ်ဝင်ငွေ ယွမ် ၂၀၁ ဒသမ ၇ ဘီလီယံနှင့် စုစုပေါင်းအမြတ် ယွမ် ၁၃ ဒသမ ၇ ဘီလီယံဖြင့် တည်ငြိမ်သော တိုးတက်မှုကို ဆက်လက်ထိန်းသိမ်းထားနိုင်ခဲ့ပြီး တစ်နှစ်ထက်တစ်နှစ်အမြတ်ဝင်ငွေ ၁၁ ရာခိုင်နှုန်း တိုးတက်လာခဲ့ကြောင်း သိရသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် ချင်းတောင်မြို့ရှိ ချင်းတောင် ဟိုင်အလ်အဖွဲ့မှ တာဝန်ရှိသူတစ်ဦးတို့ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီးစိုးဝင်းနှင့် Hisense ချင်းတောင် သုတေသနနှင့် ဖွံ့ဖြိုးတိုးတက်မှုစင်တာမှ တာဝန်ရှိသူတစ်ဦးတို့ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်စဉ်။

### နေ့လယ်စာစားပွဲသို့ တက်ရောက်

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ချင်းတောင်မြို့ မြို့တော်ဝန် Mr. Zhao Haozhi က Qingdao Sea View Garden Hotel ၌ တည်ခင်းဧည့်ခံသည့် နေ့လယ်စာစားပွဲသို့ တက်ရောက်ခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

## နေရာကွက်၍ မိုးကြီးနိုင်

**နေပြည်တော် ဇူလိုင် ၈**

**ဘင်္ဂလားပင်လယ်အော်အခြေအနေမှာ** ကပ္ပလီပင်လယ်ပြင်နှင့် ဘင်္ဂလားပင်လယ်အော်တို့တွင် မုတ်သုံလေ အားအနည်းငယ်မှ အားအသင့်အတင့် ရှိနေပါသည်။

**မနက်ဖြန်မွန်းတည့်ချိန်အထိ ခန့်မှန်းချက်မှာ** မကွေးတိုင်းဒေသကြီးနှင့် ကယားပြည်နယ်တို့တွင် နေရာကွက်ကျား၊ စစ်ကိုင်းတိုင်းဒေသကြီးအောက်ပိုင်းနှင့် မန္တလေးတိုင်းဒေသကြီးတို့တွင် နေရာကျဲကျဲ၊ ရှမ်းပြည်နယ်(တောင်ပိုင်း)တွင် နေရာစိပ်စိပ်နှင့် ကျန်တိုင်းဒေသကြီးနှင့် ပြည်နယ်တို့တွင် နေရာအနှံ့အပြား မိုးထစ်ချုန်းရွာပြီး နေပြည်တော်၊ စစ်ကိုင်းတိုင်းဒေသကြီးအထက်ပိုင်းနှင့် ကချင်ပြည်နယ်တို့တွင် နေရာကွက်၍ မိုးကြီးနိုင်ပါသည်။ ရွာရန်ရာနှုန်းပြည့် ဖြစ်ပါသည်။

**မိုးတိမ်တောင်ဖြစ်ပေါ်မှုအခြေအနေမှာ** ဧရာဝတီတိုင်းဒေသကြီး၊ တနင်္သာရီတိုင်းဒေသကြီး၊ ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ ချင်းပြည်နယ်နှင့် ကရင်ပြည်နယ်တို့တွင် မိုးတိမ်တောင်များ ဖြစ်ထွန်းလျက်ရှိပါသည်။

**မြန်မာ့ပင်လယ်ပြင်မှာ** လှိုင်းအနည်းငယ်မှ လှိုင်းအသင့်အတင့်ရှိမည်။ လှိုင်းအမြင့်မှာ မြန်မာ့ကမ်းရိုးတမ်းတစ်လျှောက်နှင့် ကမ်းလွန်ပင်လယ်ပြင်တို့တွင် လေးပေမှ ခုနစ်ပေခန့် ရှိနိုင်ပါသည်။

မိုး/ဇလ

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်း မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr. Marcoluigi Corsi ကို လက်ခံတွေ့ဆုံ



နေပြည်တော် ဇူလိုင် ၉

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအဖွဲ့ဝင် ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဗိုလ်ချုပ်ကြီးတင်အောင်စန်းသည် မြန်မာနိုင်ငံဆိုင်ရာ ကုလသမဂ္ဂယာယီဌာနေညှိနှိုင်းရေးမှူးနှင့် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ ယာယီညှိနှိုင်းရေးမှူး Mr. Marcoluigi Corsi ကို ယနေ့နံနက်ပိုင်းတွင် ပြည်ထောင်စုဝန်ကြီးရုံး ဧည့်ခန်းမ၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံစဉ် လူသားချင်းစာနာထောက်ထားမှုဆိုင်ရာ အကူအညီပေးရေးကိစ္စရပ်များ၊ အရွယ်မရောက်သေးသူ ကလေးသူငယ်များအား စစ်မှုထမ်းခြင်းမှ ကာကွယ်တားဆီးထိန်းသိမ်းရေးဆိုင်ရာကိစ္စရပ်များနှင့် ပြည်သူ့စစ်မှုထမ်းဥပဒေ အကောင်အထည်ဖော်ဆောင်ရွက်နေမှုအခြေအနေများကို ရင်းနှီးပွင့်လင်းစွာ အမြင်ချင်းဖလှယ် ဆွေးနွေးခဲ့ကြသည်။

တွေ့ဆုံပွဲသို့ ဒုတိယဝန်ကြီးချုပ်နှင့် ကာကွယ်ရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီးနှင့်အတူ တာဝန်ရှိသူများ တက်ရောက်ကြကြောင်း သိရသည်။

သတင်းစဉ်

## ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေ မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ခန့်အပ်ရန် သဘောတူညီပြီးဖြစ်သည့် မစ္စတာ ဒါဘာ ဒက်ဘ်အီးလ် ဟွန်းဒ် ကို လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၉

ဒုတိယဝန်ကြီးချုပ်နှင့် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးသန်းဆွေသည် တိုကျိုမြို့အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယား ဖက်ဒရယ်ဒီမိုကရက်တစ်သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်ရန် သဘောတူညီပြီး ဖြစ်သည့် မစ္စတာ ဒါဘာ ဒက်ဘ်အီးလ် ဟွန်းဒ်ကို ယနေ့မွန်းလွဲ ၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး၏ဧည့်ခန်းမ၌လက်ခံတွေ့ဆုံသည်။



ထိုသို့တွေ့ဆုံစဉ် ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးက သံအမတ်ကြီးအား တိုကျိုမြို့ အခြေစိုက် မြန်မာနိုင်ငံဆိုင်ရာ အထူးအာဏာကုန် လွှဲအပ်ခြင်းခံရသော အီသီယိုပီးယားဖက်ဒရယ် ဒီမိုကရက်တစ် သမ္မတနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ် တာဝန်ပေးအပ်ခြင်း ခံရသည့်အတွက် ဂုဏ်ယူဝမ်းမြောက်ကြောင်း ပြောကြားခဲ့ပြီး မစ္စတာ ဒါဘာ ဒက်ဘ်အီးလ်ဟွန်းဒ်က ၎င်း၏ သံအမတ်ခန့်အပ်လွှာမိတ္တူကို ဒုတိယဝန်ကြီးချုပ်နှင့် ပြည်ထောင်စုဝန်ကြီးထံသို့ ပေးအပ်သည်။

ဆက်လက်၍ မြန်မာ-အီသီယိုပီးယား နှစ်နိုင်ငံအကြား ချစ်ကြည်ရင်းနှီးမှု ပိုမိုခိုင်မာစေရေး၊ ကုန်သွယ်ရေးနှင့် ရင်းနှီးမြှုပ်နှံမှုကဏ္ဍများအပါအဝင် နှစ်နိုင်ငံအကျိုးတူ ပူးပေါင်းဆောင်ရွက်မှုများ မြှင့်တင်ရေးနှင့် ဒေသတွင်းနှင့် နိုင်ငံတကာမျက်နှာစာတွင် ပိုမိုနီးကပ်စွာ ပူးပေါင်းဆောင်ရွက်ရေးကိစ္စရပ်များနှင့် စပ်လျဉ်း၍ ခင်မင်ရင်းနှီးစွာ အမြင်ချင်းဖလှယ် ဆွေးနွေးကြသည်။

ထို့ပြင် နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးလွင်ဦးသည်လည်း မြန်မာနိုင်ငံဆိုင်ရာ အီသီယိုပီးယားနိုင်ငံ သံအမတ်ကြီးအဖြစ် ပူးတွဲခန့်အပ်ရန် သဘောတူညီပြီး ဖြစ်သည့် မစ္စတာ ဒါဘာ ဒက်ဘ်အီးလ် ဟွန်းဒ်အား နံနက် ၁၁ နာရီတွင် နေပြည်တော်ရှိ နိုင်ငံခြားရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး၏ ဧည့်ခန်းမ၌ သီးခြားစီ လက်ခံတွေ့ဆုံခဲ့သည်။ သတင်းစဉ်

## လူဦးရေနှင့် အိမ်အကြောင်းအရာကောက်ယူခြင်း လုပ်ငန်းညှိနှိုင်းအစည်းအဝေး ကျင်းပ

မန္တလေး ဇူလိုင် ၉

မန္တလေးတိုင်းဒေသကြီး၊ မဟာအောင်မြေမြို့နယ်၌ ၂၀၂၄ ခုနှစ် လူဦးရေနှင့်အိမ်အကြောင်းအရာကောက်ယူခြင်းလုပ်ငန်းအောင်မြင်စွာ ဆောင်ရွက်နိုင်ရေး လုပ်ငန်းညှိနှိုင်းအစည်းအဝေးကို မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာနရုံးတွင် ယနေ့ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်ဦးက အမှာစကားပြောကြားသည်။

ဆက်လက်၍ မြို့နယ်သန်းခေါင်စာရင်းကော်မတီ အတွင်းရေးမှူး လူဝင်မှုကြီးကြပ်ရေးနှင့် ပြည်သူ့အင်အားဝန်ကြီးဌာန မြို့နယ်ဦးစီးမှူး ဦးကောင်းမြတ်ကျော်က လူဦးရေနှင့်အိမ်အကြောင်းအရာ သန်းခေါင်စာရင်းအောင်မြင်စွာ ကောက်ယူနိုင်ရေးအတွက် စာရင်းစစ်/စာရင်းကောက်များ/Volunteer များ စနစ်တကျဖွဲ့စည်းထားမှု၊ မြို့နယ်အဆင့်ဆင့်သင်တန်းပို့ချနိုင်ရန်၊ ပြည်သူအားလုံးပါဝင်နိုင်ရန်၊ ဟောပြောပွဲများ ပြုလုပ်ရန်၊ လက်ကမ်းစာစောင်များ ဖြန့်ဝေနိုင်ရန် လုပ်ငန်းများနှင့် ပတ်သက်၍ ဆောင်ရွက်နေမှုအခြေအနေများကို ရှင်းလင်းပြောကြားသည်။

ထို့နောက် မြို့နယ်သန်းခေါင်စာရင်းကော်မတီအဖွဲ့ဝင်ဌာနဆိုင်ရာများက သန်းခေါင်စာရင်းကောက်ယူရေးလုပ်ငန်းများနှင့်ပတ်သက်၍ အကြံပြုဆွေးနွေးရာ မြို့နယ်သန်းခေါင်စာရင်းကော်မတီဥက္ကဋ္ဌ၊ မြို့နယ်အုပ်ချုပ်ရေးမှူး ဦးတင်မြင့်ဦးက လုပ်ငန်းလိုအပ်ချက်များနှင့်ပတ်သက်၍ ပေါင်းစပ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။ (၀၅၆)

## ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E. Mr. Mongkol Visitstump အား လက်ခံတွေ့ဆုံ

နေပြည်တော် ဇူလိုင် ၉

သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးတင်ဦးလွင်သည် မြန်မာနိုင်ငံဆိုင်ရာ ထိုင်းနိုင်ငံသံအမတ်ကြီး H.E.Mr. Mongkol Visitstump အား ယနေ့မွန်းလွဲပိုင်းတွင် နေပြည်တော်ရှိ အဆိုပါဝန်ကြီးဌာန၌ လက်ခံတွေ့ဆုံသည်။

တွေ့ဆုံပွဲသို့ သာသနာရေးနှင့် ယဉ်ကျေးမှုဝန်ကြီးဌာန ဒုတိယဝန်ကြီးများ၊ အမြဲတမ်းအတွင်းဝန်နှင့် တာဝန်ရှိသူများ တက်ရောက်ကြသည်။



တွေ့ဆုံစဉ် နှစ်နိုင်ငံ ချစ်ကြည်ရင်းနှီးမှုနှင့် သာသနာရေးနှင့် ယဉ်ကျေးမှုဆိုင်ရာ ကိစ္စရပ်များတွင် ဆက်လက်ပူးပေါင်းဆောင်ရွက်သွားမည့် ကိစ္စရပ်များကို ရင်းနှီးပွင့်လင်းစွာ ဆွေးနွေးခဲ့ကြပြီး အမှတ်တရ လက်ဆောင်ပစ္စည်းများ အပြန်အလှန်ပေးအပ်ခဲ့ကြောင်း သိရသည်။ သတင်းစဉ်

နိုင်ငံ့ဝန်ထမ်းများအား မည်သည့်နည်းလမ်းဖြင့်မဆို ခြိမ်းခြောက်ခြင်း၊ တာဝန်ထမ်းဆောင်မှုအား နှောင့်ယှက်ခြင်းများ ဆောင်ရွက်ပါက တည်ဆဲဥပဒေများနှင့်အညီ အရေးယူခံရနိုင်ပါသည်။

# မန္တလေးတိုင်းဒေသကြီးအစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်
# ပြင်ဦးလွင်မြို့ သမိုင်းဝင်မဟာရွှေမြင်တင်စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်၊ သုမင်္ဂလာဈေး(ညံတောဈေး) တည်ဆောက်နေမှုအား ကွင်းဆင်းကြည့်ရှု

**မန္တလေး ဇူလိုင် ၉**

မန္တလေးတိုင်းဒေသကြီး အစိုးရအဖွဲ့ ဝန်ကြီးချုပ် ဦးမျိုးအောင်သည် ပြင်ဦးလွင်ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများလိုက်ပါပြီး ယနေ့နံနက်ပိုင်းက ပြင်ဦးလွင်မြို့ သမိုင်းဝင်မဟာရွှေမြင်တင်စေတီတော်မြတ်ကြီးအား သွားရောက်ဖူးမြော်ပြီး သုမင်္ဂလာဈေး(ညံတောဈေး) တည်ဆောက်နေမှုအား ကွင်းဆင်းကြည့်ရှုခဲ့သည်။

ဦးစွာ တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် သမိုင်းဝင်မဟာရွှေမြင်တင်စေတီတော်မြတ်ကြီးသို့ ရောက်ရှိပြီး စေတီတော်မြတ်ကြီးအတွင်း အရပ်လေးမျက်နှာရှိ မြတ်စွာဘုရားလေးဆူအား ရွှေသင်္ကန်းများကပ်လှူပူဇော်ပြီးစီးမှုတို့အား ဖူးမြော်ကြည်ညိုပြီး ပရဝဏ်အပြင်ဘက် စေတီတော်မြတ်ကြီးသို့အဝင်လမ်း နိုင်လွန်ကတ္တရာခင်းကျင်းပြီးစီးမှု၊ အရိပ်ရသစ်ပင်များ၊ ပန်းအလှသစ်ပင်များ စိုက်ပျိုးထားရှိမှုတို့ကို လိုက်လံကြည့်ရှု၍ လိုအပ်သည်များကို ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးခဲ့သည်။

၎င်းနောက် တိုင်းဒေသကြီးဝန်ကြီးချုပ်နှင့်အဖွဲ့သည် ပြင်ဦးလွင်မြို့ ရပ်ကွက်ကြီး ၂ အတွင်းရှိ သုမင်္ဂလာဈေး(ညံတောဈေး)အား ခေတ်မီအဆင့်မြင့် အာစီရဲ ၆ ထပ်ဈေးကြီးအဖြစ် တည်ဆောက်နေသည့်လုပ်ငန်းခွင်သို့ ရောက်ရှိရာ တိုင်းဒေသကြီးဝန်ကြီးချုပ်အား တာဝန်ရှိသူများက တည်ဆောက်ရေးလုပ်ငန်းများ စတင်ဆောင်ရွက်နေမှုများ ပြီးစီးမှုနှင့် ဆက်လက်ဆောင်ရွက်မည့် လုပ်ငန်းအစီအမံများနှင့် ပတ်သက်၍ လိုက်ပါရှင်းလင်းပြသရာ တိုင်းဒေသကြီးဝန်ကြီးချုပ်က လုပ်ငန်းခွင်အန္တရာယ်ကင်းရှင်းရေး အထူးဂရုစိုက်ဆောင်ရွက်ရန်၊ တည်ဆောက်ရေးလုပ်ငန်းများ သတ်မှတ်ကာလအတွင်းပြီးစီးရေး၊ အရည်အသွေး သတ်မှတ်စံချိန်စံနှုန်းနှင့်အညီ ဖြစ်စေရေး စနစ်တကျကြပ်မတ်ကာ အလေးထားဆောင်ရွက်သွားရန်တို့ကို မှာကြားပြီး လုပ်ငန်းခွင်အတွင်း ကွင်းဆင်းကြည့်ရှုကာ လိုအပ်သည်များကို ပေါင်းစပ်ဖြည့်ဆည်းဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

(မန္တလေးနေ့စဉ်)


















# မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်း ဧရာဝတီမြစ်ရေမြင့်တက်လာမှု၊ ကမ်းနားလမ်းတစ်လျှောက် တာရိုးကြံ့ခိုင်မှုအခြေအနေနှင့် သဲအိတ်များ စုဆောင်းပြင်ဆင်ထားမှုများ ကြည့်ရှုစစ်ဆေး

**မန္တလေး ဇူလိုင် ၉**

မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီဥက္ကဋ္ဌ မြို့တော်ဝန် ဦးကျော်ဆန်းသည် အတွင်းရေးမှူး ဦးဝင်းမောင်၊ ကော်မတီဝင်(၁) ဦးမြင့်ဦး၊ ကော်မတီဝင်(၂) ဦးနေလင်းထွန်း၊ ရေနှင့် သန့်ရှင်းမှုဌာန၊ လမ်းတံတားဌာနတို့မှ ဌာနမှူးများ လိုက်ပါကာ ယနေ့ နံနက်ပိုင်းက မန္တလေးမြို့၏ ဧရာဝတီမြစ်ရေမြင့်တက်လာမှုအခြေအနေပေါ်မူတည်၍ ကမ်းနားလမ်းတစ်လျှောက် တာရိုးကြံ့ခိုင်မှုအခြေအနေနှင့် ယခင်(၁၉-၇-၂၀၂၀)ရက်က မြို့ပတ်ကမ်းနား လမ်းတာရိုးကျိုးပေါက်ခဲ့သည့် ဖြစ်စဉ်မျိုး ထပ်မံဖြစ်ပွားခြင်းမရှိအောင် ပြန်လည် စိစစ်ပြုပြင်ရေးနှင့် ကြိုတင်ပြင်ဆင် ဆောင်ရွက်ထားရှိမှုအခြေအနေများကို ကွင်းဆင်းကြည့်ရှုစစ်ဆေးခဲ့သည်။

ရှေးဦးစွာ မြို့တော်ဝန်နှင့် အဖွဲ့သည် အောင်မြေသာစံမြို့နယ် မြို့ပတ်ကမ်းနားလမ်း ဧရာဝတီမြစ် မရမ်းခြံဆိပ်ကမ်းသို့ ရောက်ရှိပြီး မန္တလေးဆိပ်ကမ်း သာယာလှပရေးစီမံချက်ဖြင့် ဆောင်ရွက်လျက်ရှိသော ကျောက်ရိုးစီမြေထိန်းနံရံ(ရေလွှတ်ရင်ပြင်)အခြေအနေကို ကြည့်ရှုစစ်ဆေးရာ လမ်းတံတားဌာန ဌာနမှူးနှင့် တာဝန်ခံအင်ဂျင်နီယာတို့က ဧရာဝတီမြစ်ရေမြင့်တက်လာမှုအခြေအနေအပေါ် စိုးရိမ်ရေအမှတ်(၁၂၆၀)စင်တီမီတာသို့ ရောက်ရှိနေကြောင်း ရှင်းလင်းတင်ပြကြသည်။

ဆက်လက်၍ မြို့တော်ဝန်နှင့် အဖွဲ့သည် မြို့ပတ်ကမ်းနားလမ်း ဂေါဝိန်ဆိပ်ကမ်းအနီး ရှေးဟောင်းအမြောက်နှစ်လက်ရှိရာ ရေလွှတ်ရင်ပြင်သို့ ရောက်ရှိကြပြီး ဧရာဝတီမြစ်ဘက်ခြမ်းရှိ ကျောက်ရိုးစီမြေထိန်းနံရံ၏ ကြံ့ခိုင်မှုအခြေအနေနှင့် မြစ်ရေမြင့်တက်လာမှုအခြေအနေတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

ထိုမှတစ်ဆင့် မြို့တော်ဝန်နှင့် အဖွဲ့သည် အမရပူရမြို့နယ်၊ ကမ်းနားလမ်း ရွှေခဲမိုးရေစွန့်ထုတ်စက်ရုံအနီးရှိ (၂၀-၇-၂၀၂၀)ရက် နံနက်ပိုင်းက ကျိုးပေါက်ခဲ့သော မြို့ပတ်ကမ်းနားလမ်းတာရိုးအား ယခင်နှစ်များကဲ့သို့ အမြင့်ဆုံး ဧရာဝတီမြစ်ရေတက်သည့်ကာလတွင် ခိုင်ခံ့မှုရှိစေရန်အတွက် ပြုပြင်ခြင်းလုပ်ငန်းများ အောင်မြင်စွာ တည်ဆောက်နိုင်ခဲ့သည့် ရေထိန်းတံခါးများနှင့် Concrete Slab Apron များ၏ လက်ရှိကြံ့ခိုင်မှုအခြေအနေနှင့် ဧရာဝတီမြစ်ရေ ယခုရောက်ရှိနေသည့် အမြင့်ဆုံးမြစ်ရေ မျက်နှာပြင်အနေအထားတို့ကို ကြည့်ရှုစစ်ဆေးခဲ့သည်။

မြို့တော်ဝန်အား ရေနှင့် သန့်ရှင်းမှုဌာန ဌာနမှူးက ၂၀၂၄ ခုနှစ် ဇူလိုင်လ ၁ ရက်မှ ယနေ့ ၉ ရက်အထိ ဧရာဝတီမြစ်ရေ နေ့အလိုက်အခြေပြဇယား၊ (New Pumping Station)ရွှေခဲမိုးရေစွန့်ထုတ်စက်ရုံအနီး ဧရာဝတီမြစ်ရေ Level သည် နံကပ်အင်းရေ Level အထက် ၁၅ ပေခန့် ကွာခြားရောက်ရှိနေမှုတို့ကြောင့် ၅-၇-၂၀၂၄ ရက်မှစ၍ စက်ရုံမှ စက်များမောင်းနှင်ခြင်း ရပ်နားထားရှိမှုတို့ကို ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က ဧရာဝတီမြစ်ရေ၏ စိုးရိမ်ရေအမှတ်မှာ (၂၃၁ ဒသမ ၇၄)ပေ(၁၂၆၀ စင်တီမီတာ)ဖြစ်၍ ယနေ့ ဇူလိုင် (၉)ရက် နံနက် ၆ နာရီခွဲအချိန်က ထုတ်ပြန်ချက်အရ ဧရာဝတီမြစ်ရေသည် (၂၃ ဒသမ ၀၄)ပေသို့ ရောက်ရှိခြင်းကြောင့် စိုးရိမ်ရေအမှတ်အထက်(၀ ဒသမ ၃) ပေကျော်လွန်ရောက်ရှိနေပြီဖြစ်ကြောင်း တွေ့ရှိရပြီး လက်ရှိအနေအထားအရ (၂၀၂၀)ခုနှစ်က ယခုနေရာတာရိုး(ကားလမ်း)ကျိုးပေါက်သည်ဖြစ်၍ (၂၀-၇-၂၀၂၀)ရက် ဖြစ်ပွားခဲ့သော်လည်း ပြန်လည်ပြုပြင်ထားပြီး စိတ်ချရသည့် အခြေအနေတွင်ရှိကြောင်း စစ်ဆေးတွေ့ရှိရပြီး ရေမျက်နှာပြင် ၁၅ ပေခန့်ကွာခြားနေ၍ လက်ရှိအခြေအနေအရ ရေဆိုးစွန့်ပစ်မှုမပြုလုပ်ရန် မှာကြားခဲ့သည်။

ထို့နောက် သန့်ရှင်းရေးဌာန ဌာနမှူးက ဧရာဝတီမြစ် တာရိုးတစ်လျှောက်ရေကျော်မှုများဖြစ်လာပါက သဲအိတ်များ တစ်မြို့နယ်လျှင် ၁၀၀၀ နှုန်းဖြင့် သဲအိတ်စုစုပေါင်း ၆၀၀၀ စုဆောင်းပြင်ဆင်ထားရှိမှုအခြေအနေများကို ရှင်းလင်းတင်ပြရာ မြို့တော်ဝန်က မြစ်ရေမြင့်တက်သည့်နှစ်များ၌ ရေကျော်တတ်သည့် အားအနည်းဆုံးနေရာများတွင် သဲအိတ် ၁၀၀၀ အိတ် အသင့်စုဆောင်းထားရှိရန် ဖြည့်စွက်မှာကြားသည်။

ယင်းနောက်မြို့တော်ဝန်နှင့် အဖွဲ့သည် ကမ်းနားလမ်း ရွှေကြက်ယက်ဘုရားအနီး မြို့တော်စည်ပင်ပန်းဥယျာဉ်နှင့် ကစားကွင်းများဌာန ပန်းခြံအမှတ်(၆) အဝင်ပေါက်တည့်တည့်တွင် ဧရာဝတီမြစ်ရေဝင်ရောက်မှုနှင့် လက်ရှိလမ်းအနိမ့်အမြင့်ကွာခြားမှုသည် ၁ ပေခန့်သာကျန်ရှိတော့၍ ကျောက်ရိုးထပ်မံဖြည့် အမြင့် ၃ ပေခန့် တင်ရန်နှင့် ကျောက်ရိုးရှေ့ သဲအိတ် ၁၀၀၀ ချထား၍ ရေကာပိတ်ဆို့ခြင်းလုပ်ငန်း ချက်ချင်းဆောင်ရွက်ရန် စီစဉ်ဆောင်ရွက်ခဲ့သည်။

ဆက်လက်၍ စစ်ကိုင်းတံတားဟောင်း ဂေါဒန်ကျောက်မီးသွေးတင်ဆိပ်ကမ်းအနီး မြစ်ရေကျော်တက်မှု မရှိစေရေးအတွက်လည်း ကြိုတင်ပြင်ဆင်ဆောင်ရွက်ရမည့်လုပ်ငန်းဆိုင်ရာများကို စီစဉ်ဆောင်ရွက်ပေးခဲ့ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်)**

၀-၀-၀-၀










- မန္တလေးမြို့တော် သန့်ရှင်းရမည်။
- မန္တလေးမြို့တော် သာယာလှပရမည်။
- မြို့တော်နေလူထု စိတ်ချမ်းသာရမည်။

# နိုင်ငံတကာ ရုပ်ရှင်၊ ဂီတ သတင်းများ

## Jung Kook နှင့် V@Kim Taehyung တို့ SEC Awards ၂၀၂၄ ခုနှစ်အတွင်း ဆုများစွာ ရရှိထားကြ



၂၀၂၄ခုနှစ်အတွင်း BTS အဖွဲ့ဝင် Jung Kook နှင့် V ခေါ် Kim Taehyung တို့ SEC Awards ဆုများစွာ သိမ်းပိုက်ရရှိထား၍ ပရိသတ်များက ဂုဏ်ပြုချီးကျူးထားကြသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

Jung Kook က အဆိုပါ ဆုစာရင်းတွင် ဆုသုံးဆုဖြစ်သည့် International Male Artist of The Year, International Feat of The Year နှင့် International Song of The Year ဆုသုံးဆုကို Seven နှင့် သိမ်းပိုက်ရရှိခဲ့သည်။

V ခေါ် Kim Taehyung က International Album of The Year ကို Layover နှင့် Artist of The Year တို့ဖြင့် နှစ်ဆု၊ Black Pink မှ Jennie က Best Actress in an International Series ကို The Idol နှင့် ရရှိခဲ့သည်။

အဆိုပါဆုမှာ ၂၀၁၉ခုနှစ်မှစ၍ Brazil ဆုပေးပွဲတွင် Series em Cena Awards @SEC Awards ဟု လူသိများခဲ့ပြီး ရုပ်ရှင်၊ ရုပ်သံ၊ ဂီတနှင့် အင်တာနက်လူမှုကွန်ရက်တွင် ကျော်ကြားသူများကို နိုင်ငံတစ်ဝန်းမှ ရွေးချယ်၍ပေးသော ဆုဖြစ်ကာ K Pop အနုပညာရှင်များ ဆန်ခါတင် ဝင်ခဲ့ကြပြီး ဂီတနှင့် နှစ်ဆု၊ ရုပ်သံနှင့် တစ်ဆု ဆွတ်ခူးရရှိခဲ့ကြသည်။

(SKY)

## အသက်၇၀ပြည့်လျှင် အက်စပရင်ဆေးဝါးကို ရှောင်ရမည်



အက်စပရင်သောက်ဆေးသည် ပျစ်သောသွေးကို ကျဲစေသော အာနိသင်ရှိသဖြင့် ကိုယ်တွင်းသွေးလည်ပတ်မှုကို ကောင်းမွန်စေသည်။

သို့ရာတွင် ထိုဆေးသည် အသက်ကြီးသူများ၏ သွေးကြောငယ်များကို ပေါက်ထွက်စေတတ်သဖြင့် အသက်၇၀ပြည့်လျှင် ပုံမှန်ဆက်လက်သောက်သုံးခြင်း မပြုသင့်တော့ကြောင်း အမေရိကန်ပြည်ထောင်စု ကလိဗ်လန်းဆေးရုံမှ သုတေသီများ မကြာသေးမီက ထုတ်ဖော်သတိပေးခဲ့သည်။

နှလုံးနှင့် လေဖြတ်ရောဂါများ မဖြစ်ပွားအောင်ကာကွယ်ရန်အတွက် ထိုဆေးကို သောက်သုံးသင့်သည်ဟု နှလုံးရောဂါအထူးကုဆရာဝန်များ ယခင်က အကြံပြုခဲ့ကြသည်။

စင်စစ်တွင် အသက်၆၀နှင့် ၆၉နှစ်ကြား အသက်အရွယ်သို့ရောက်လာလျှင်ပင် အက်စပရင်ဆေးသောက်သုံးခြင်းကို ဆင်ခြင်သင့်ကြောင်း သိရသည်။

SCI

## Zhang Ruo Nan ကို First Frost ဇာတ်လမ်းပုံရိပ်များ ပေါ်ထွက်လာ

တရုတ်ဇာတ်လမ်း First Frost ရိုက်ကူးပြီးစီးမှုအတွက် ပုံရိပ်များ မျှဝေထားရာ Zhang Ruo Nan ၏ ပုံရိပ်များ ဝေဆာစွာ တင်ပြထားသည်ကို ဝိန်ဘိုဝက်ဘ်ဆိုက်တွင် တွေ့ရသည်။

အဆိုပါဇာတ်လမ်းရိုက်ကူးပြီးစီးမှု ပုံရိပ်များကို Bai Jingting က မျှဝေပေးထားပြီး ဇာတ်လမ်းတွဲအဖွဲ့၏ ရွေးချယ်ခံရသည့် Zhang Ruo Nan ၏ ပုံရိပ်များကို စိတ်ဝင်စားဖွယ် မြင်တွေ့ကြရသည်။



မင်းသား Zhang Xiao Wan ၏ ခန့်ညားချောမောမှု၊ Zhang Miao Yi ၏ လှပချောမော၍ ချစ်စဖွယ်ပုံရိပ်များကို မြင်တွေ့ခဲ့ကြရာ ပရိသတ် စိတ်ဝင်စားစောင့်မျှော်နေသည့် ဇာတ်လမ်းဖြစ်ခဲ့သည်။

Zhang Ruo Nan ကို First Frost တွင် အသွင်သစ်တစ်မျိုးနှင့် မြင်တွေ့ခဲ့ကြရပြီး သူ၏ ဇာတ်ကောင်စရိုက်မှာ တမူထူးခြားမှု ရှိခဲ့သည်ဟု သိရသည်။ (SKY)

## ထိုင်းသူလေး Lisa က မွေးရာပါ အကသွေး စီးဆင်းနေသူဖြစ်

Black Pink အဖွဲ့ဝင် ထိုင်းသူလေး Lisa သည် ငယ်စဉ်ကပင် အကကို ဝါသနာပါခဲ့ကာ ထိုင်းနိုင်ငံ၏ အကအဖွဲ့တွင် ပါဝင်ခဲ့ပြီး မွေးရာပါ အကသွေး စီးဆင်းနေသူဖြစ်ကာ အဆိုနှင့် အကကို နှစ်သက်သူဖြစ်သည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

၂၀၁၀ ခုနှစ်တွင် ထိုင်းနိုင်ငံ၌ ပြုလုပ်သည့် YG Entertainment ၏ ပြိုင်ပွဲတွင် တစ်ဦးတည်းသော အောင်မြင်သူဖြစ်ခဲ့ကာ သင်တန်းသူအဖြစ် စာချုပ်၍ ကိုရီးယားကေပေါ့ပ်အဖွဲ့ Black Pink နှင့် ပွဲဦးထွက်ခဲ့ပြီး ကမ္ဘာကျော်ခဲ့သူဖြစ်သည်။

၂၀၁၂ ခုနှစ်တွင် Lisa ၏ အက အခွေထွက်ခဲ့ပြီး လျှို့ဝှက်ထားကာ CEO ကပင် ချီးကျူးခဲ့ကာ ပရိသတ် စိတ်ဝင်စားမှုရခဲ့၍ ၂၀၁၃ ခုနှစ်တွင် Big Bang မှ Taeyang ၏ ဂီတတွင် နောက်ခံအက ကခဲ့သည်။ Fashion Model အဖြစ် ပါဝင်ပြီး တရားဝင် Black Pink အဖွဲ့ဝင်ဖြစ်ရန် ခြောက်နှစ်ကြာ လေ့ကျင့်ခဲ့ရကာ မိသားစုကလည်း ထောက်ပံ့ပေးခဲ့သည်။

Black Pink အဖွဲ့တွင် Main Dance နှင့် ပွဲထွက်ခဲ့ပြီး Lalisa Manoban ခေါ် Lisa မှာ ထိုင်း၊ အင်္ဂလိပ်၊ ကိုရီးယား၊ ဂျပန်နှင့် တရုတ် ဘာသာစကားများ ပြောနိုင်ကာ ချစ်စရာအကောင်းဆုံးအပြုအမူနှင့် အကကျွမ်းကျင်သူအဖြစ် ကမ္ဘာ့ပရိသတ်များစွာ ပိုင်ဆိုင်ထားသည်။ (SKY)



## BTS မှ Suga နှင့် V တို့ မွေးရပ်မြေ Daegu မြို့တွင် ချယ်ရီပန်းရာသီအလှ ခံစားရ

BTS အဖွဲ့ဝင် Suga ခေါ် Min Yoongi နှင့် V ခေါ် Kim Taehyung တို့၏ မွေးရပ်မြေ Daegu မြို့လေးတွင် ချယ်ရီပန်းရာသီအလှ ခံစားရချိန် ဗီဒီယိုထွက်ရှိလာသည်ဟု ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။



တောင်ကိုရီးယား Daegu မြို့၏ ချယ်ရီရာသီတွင် Daegu Tower နှင့် E World ကစားကွင်းအလှကို ရိုက်ပြထားသည့် ဗီဒီယိုကို Suga နှင့် V တို့ မွေးရပ်မြေဖြစ်၍ ပရိသတ် တခဲနက် အားပေးထားကြသည်။

Daegu မြို့လေးတွင် ချယ်ရီပန်းရာသီဖြစ်၍ ချယ်ရီပန်းများ ဝေဆာစွာ ဖူးပွင့်နေသည့် အလှနှင့် Daegu ၏ အထင်ကရနေရာများကို ယင်းဗီဒီယိုတွင် ဖော်ပြထားရာ ကမ္ဘာကျော် K Pop နှစ်ဦးဖြစ်သည့် BTS အဖွဲ့ဝင် Suga နှင့် V တို့ မွေးရပ်မြေကို စိတ်ဝင်စားသူများ များပြားခဲ့သည်။

လက်ရှိနှစ်ဦးစလုံး အောင်မြင်မှုများစွာ သိမ်းပိုက်ထားကြကာ Daegu သားနှစ်ဦး၏ ကျော်ကြားမှုနှင့်အတူ Daegu မြို့တွင်ပွင့်သည့် ချယ်ရီပန်းအလှမှာလည်း ကမ္ဘာကျော်တစ်ခု ဖြစ်လာခဲ့သည်။

(SKY)

## Kim Go Eun အဆင့်မြင့် အိမ်ရာသစ် ဝယ်ယူထား

မင်းသမီး Kim Go Eun သည် ဆိုးလ်မြို့တွင်ရှိသည့် အဆင့်မြင့်အိမ်ရာသစ်ကို ငွေသားအပြည့်နှင့် ဝယ်ယူထားပြီး အိမ်နီးချင်းကောင်းများနှင့် တွေ့နေကြောင်း ဆွန်ပီဝက်ဘ်ဆိုက်တွင် ဖော်ပြသည်။

အဆိုပါ အိမ်ရာသစ်မှာ $241.32m^3$ ယူနစ်ဖြစ်ပြီး အိမ်ခြံမြေလုပ်ငန်း၏ အဆိုအရ Aperhan River ရှိ ပုံမှန်ယူနစ်တစ်ခု ရောင်းဈေးမှာ Penthouse တစ်လုံးရောင်းဈေးထိဖြစ်၍ တန်ဖိုးမြင့်မားသည့် အိမ်ရာသစ်ဖြစ်သည်ဟု ဆိုသည်။

Kim Go Eun ဝယ်ယူခဲ့သည့် High-end Villa တွင် အိမ်နီးချင်းများအဖြစ် Gong Yoo, Han Hyo Joo, Soo Ae တို့ရှိပြီး အိမ်နီးချင်းကောင်းများနှင့်အတူ တွေ့ဆုံရခြင်းဖြစ်သည်။

ယင်းအိမ်ရာသစ်ကို Kim Go Eun က ငွေသားအပြည့်ပေးချေ၍ ဝယ်ယူခဲ့သဖြင့် သူဌေးမလေးအဖြစ် နာမည်ကြီးနေသည်။ (SKY)



# အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီ ရုရှားရောက် သမ္မတ ပလာဒီမာပူတင်နှင့် တွေ့ဆုံဆွေးနွေး



**မော်စကို ဇူလိုင် ၉**

အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီ ဇူလိုင် ၈ ရက်က ရုရှားနိုင်ငံသို့ ချစ်ကြည်ရေးအလည်အပတ်ရောက်ရှိလာရာ ရုရှားသမ္မတ ဗလာဒီမာပူတင်က မော်စကိုမြို့ပြင် နိုဗိုအိုဂါယိုဗိုဒေသရှိ ၎င်း၏အိမ်၌ ကြိုဆိုဧည့်ဝတ်ပြုနှုတ်ဆက်ခဲ့ကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

ထို့နောက် အိမ်ရှင်သမ္မတ ဗလာဒီမာပူတင်က နေအိမ်ဝင်းထဲအနှံ့ နာရင်ဒရာမိုဒီကို လမ်းလျှောက်ရင်း လိုက်လံပြသခဲ့သည်။

အဆိုပါ ခေါင်းဆောင်နှစ်ဦး ထိုသို့ လမ်းလျှောက်ရင်းနှင့် ချစ်ခင်ရင်းနှီးစွာ အလွတ်သဘော ပြောဆိုခဲ့ကြသည်။

နာရင်ဒရာမိုဒီနှင့် တွေ့ပြီး စကားလက်ဆုံကျရသည်မှာ အလွန်နှစ်လိုဖွယ်ကောင်းလှသည်ဟု သမ္မတ ဗလာဒီမာပူတင်က တာ့စ်သတင်းဌာနကို ထုတ်ဖော်ပြောကြားသည်။

ဇူလိုင် ၉ ရက်တွင် ရုရှားသမ္မတ ဗလာဒီမာပူတင်နှင့် အိန္ဒိယဝန်ကြီးချုပ် နာရင်ဒရာမိုဒီတို့နှစ်ဦး ကရင်မလင်၌ တွေ့ဆုံကာ နှစ်နိုင်ငံချစ်ကြည်ရေး၊ ပူးပေါင်းဆောင်ရွက်ရေး ဆွေးနွေးခဲ့ကြောင်း သိရသည်။

**Mon**



# ဂျိုးဘိုင်ဒင် ရွေးကောက်ပွဲမှ နုတ်ထွက်ပေးမည်မထင်ဟု ပြိုင်ဘက်ဖြစ်သူ ဒေါ်နယ်လ်ထရမ့် မှတ်ချက်ချ

**ဝါရှင်တန် ဇူလိုင် ၉**

သမ္မတရွေးကောက်ပွဲမှ ဂျိုးဘိုင်ဒင် နုတ်ထွက်ပေးလိမ့်မည်မထင်ဟု ၎င်း၏ပြိုင်ဘက်ဖြစ်သူ သမ္မတလောင်း ဒေါ်နယ်လ်ထရမ့် မှတ်ချက်ချခဲ့ကြောင်း ဖောက်စ်သတင်းဌာနက ဖော်ပြသည်။

သူက မာန်တင်းထားတုန်းဆိုတော့ ထွက်ချင်မှာမဟုတ်ပါဘူး။ အဲဒါမျိုး သူလုပ်ချင်မှာမဟုတ်ဘူးလို့ ထင်ပါတယ်ဟု ထရမ့်က ဆက်လက်ပြောကြားသည်။

ဒီမိုကရက်တစ်ပါတီအနေနဲ့ သူ့ကိုဟန့်တားလို့ရမယ်မထင်ဘူး။ သူ့မှာ အခွင့်အာဏာအပြည့်အဝရှိနေတာဆိုတော့ ထွက်ပေးမယ့်ပုံမပေါ်ဘူးဟုလည်း ၎င်းက ထည့်သွင်းပြောကြားသည်။

အကယ်၍ သမ္မတလောင်းအဖြစ်မှ ဂျိုးဘိုင်ဒင် ထွက်ပေးခဲ့မည်ဆိုလျှင် ဒုတိယသမ္မတ ကာမာလာဟဲရစ်ကို အစားထိုးစေလိုကြောင်း ထရမ့်က ထောက်ပြသည်။

အမေရိကန်အခြေစိုက် ဖောက်စ်သတင်းဌာနက တယ်လီဖုန်းဖြင့် ဆက်သွယ်မေးမြန်းသောကြောင့် ထရမ့်က တုံ့ပြန်ဖြေကြားခဲ့ခြင်းဖြစ်ကြောင်း သိရသည်။

**Mon**

# INTERNATIONAL NEWS
# နိုင်ငံတကာသတင်းများ

ဟန်ဂေရီဝန်ကြီးချုပ် ဗစ်တာအော်ဘန်ကို တရုတ်သမ္မတ ရှီကျင့်ဖျင် ပေကျင်းမြို့တော်၌ ဇူလိုင် ၈ ရက်က လက်ဆွဲနှုတ်ဆက်နေစဉ်။

**Mon**





# ဘီဝိုင်ဒီ လျှပ်စစ်ကားထုတ်လုပ်ရေးစက်ရုံသစ် တူရကီ၌ တည်ထောင်ရန် သဘောတူညီ

**ပေကျင်း ဇူလိုင် ၉**

တရုတ်နိုင်ငံ၏ အကြီးဆုံးလျှပ်စစ်ကားထုတ်လုပ်ရေးကုမ္ပဏီဖြစ်သည့် ဘီဝိုင်ဒီက တူရကီနိုင်ငံ၌ လျှပ်စစ်ကားထုတ်လုပ်ရေးစက်ရုံသစ် တည်ထောင်ရန် မကြာသေးမီက ညှိနှိုင်းသဘောတူညီလိုက်ကြောင်း အနာဒိုလူသတင်းဌာနက ဖော်ပြသည်။

ဘီဝိုင်ဒီကုမ္ပဏီအနေဖြင့် ကမ္ဘာ့နိုင်ငံများစွာတွင် လျှပ်စစ်ကားစက်ရုံများ တိုးချဲ့တည်ထောင်ရန် မျှော်မှန်းထားရာ တူရကီစက်ရုံသစ်အတွက် အမေရိကန်ဒေါ်လာ သန်း ၁၀၀၀ ရင်းနှီးမြှုပ်နှံမည်ဟု ဆိုသည်။

လာမည့် ၂၀၂၆ ခုနှစ်တွင် စက်ရုံဆောက်လုပ်ပြီးစီးကာ တစ်နှစ်လျှင် ဘီဝိုင်ဒီလျှပ်စစ်ကား အစင်းရေ ၁၅၀၀၀၀ ထုတ်လုပ်ရန် ရည်မှန်းထားသည်။

ဥရောပသမဂ္ဂနှင့် အမေရိကန်ပြည်ထောင်စု၏ ပိတ်ပင်တားဆီးမှုများ ခံနေရသည့်ကြားမှာပင် ဘီဝိုင်ဒီကုမ္ပဏီက မက္ကဆီကိုနိုင်ငံတွင်လည်း လျှပ်စစ်ကားစက်ရုံ တည်ထောင်နိုင်ရန် ကြိုးပမ်းလျက်ရှိကြောင်း သိရသည်။

**Mon**

0-0-0-0-0

# နှံကောင်နှင့် ပိုးလောက်အပါအဝင် ပိုးကောင် ၁၆ မျိုးကို စင်ကာပူနိုင်ငံ၌ စားစရာစာရင်းတွင် ထည့်သွင်း



**စင်ကာပူ ဇူလိုင် ၉**

နှံကောင်နှင့် ပိုးလောက်အပါအဝင် ပိုးကောင် ၁၆ မျိုးကို စင်ကာပူအစားအစာကြီးကြပ်ရေးအဖွဲ့က စားစရာစာရင်းတွင် ထည့်သွင်းလိုက်ပြီဟု ဇူလိုင် ၈ ရက်တွင် အတည်ပြုကြေညာကြောင်း စီအင်န်အေသတင်းဌာနက ဖော်ပြသည်။

ထိုအကောင်များသည် စားသုံးသူများကို ဘေးမဖြစ်စေနိုင်ကြောင်း စစ်ဆေးတွေ့ရှိပြီးနောက် အဆိုပါအဖွဲ့က ရောင်းဝယ်ခွင့်၊ စားသုံးခွင့် ပေးလိုက်ခြင်း ဖြစ်သည်။

ဩစတြေးလျ၊ နယူးဇီလန်၊ တောင်ကိုရီးယားနှင့် ထိုင်းနိုင်ငံတို့တွင်လည်း အလားတူပိုးကောင်များကို စားသုံးခွင့်ပြုထားကြောင်း သိရသည်။

**Mon**

0-0-0-0-0



# လွတ်လပ်ရေးနေ့အလွန် ရုံးပိတ်ရက်များတွင် အမေရိကန်၌ ခရီးသွားလာမှု စံချိန်တင်များပြား

**ဝါရှင်တန် ဇူလိုင် ၉**

ဇူလိုင် ၄ ရက်၌ ကျရောက်သော အမေရိကန်လွတ်လပ်ရေးနေ့အလွန် ရုံးပိတ်ရက်များတွင် အမေရိကန်ပြည်တွင်း ခရီးသွားလာမှု စံချိန်တင်များပြားခဲ့ကြောင်း အယ်လ်ဂျာဇီးရာသတင်းဌာနက ဖော်ပြသည်။

လေဆိပ်များတွင် ထားရှိသည့် ခရီးသည်အရေအတွက်ကို မှတ်သားသောစနစ်ဖြင့် မှတ်တမ်းတင်တွက်ချက်ရာ ဇွန် ၂၃ ရက်က ခရီးသည် ၂ ဒသမ ၉၉ သန်းကျော်ရှိခဲ့ပြီး ဇူလိုင် ၇ ရက်တွင်မူ ၃ သန်းကျော်သွားကာ စံချိန်တင်နိုင်ခဲ့သည်။

တစ်စက္ကန့်လျှင် ခရီးသည် ၃၅ ဦးကို ထိုစနစ်က မှတ်တမ်းတင်နိုင်ခဲ့ခြင်းဖြစ်ကြောင်း ပြည်တွင်းလုံခြုံရေးဌာနက သတင်းထုတ်ပြန်သည်။

ယခုနှစ် ပထမလေးလအတွင်း အမေရိကန်ပြည်ထောင်စုတစ်ဝန်းလုံး၌ ခရီးသွားလာမှုနည်းပါးခဲ့ရာ လေကြောင်းလိုင်းအများစု အရှုံးပေါ်ခဲ့သည်။

နွေရာသီတွင်မူ လေကြောင်းလိုင်းအသီးသီး၌ ခရီးသည်တင်လေယာဉ်အားလုံး ပြည့်သန်းနိုင်လိမ့်မည်ဟု မျှော်မှန်းထားကြောင်း သိရသည်။

**Mon**

# အိန္ဒိယနိုင်ငံ အာသံပြည်နယ်၌ ရေကြီးမှု ဖြစ်ပွား ကြံ့ ၆ ကောင် အပါအဝင် တိရစ္ဆာန်များ ရေနစ်သေဆုံး



**ဒေလီ ဇူလိုင် ၉**

အိန္ဒိယနိုင်ငံ အရှေ့မြောက်ပိုင်းရှိ အာသံပြည်နယ်၌ ရေကြီးမှု ဖြစ်ပွားရာ ဇူလိုင် ၇ ရက်က ကာဇီရန်ဂါအမျိုးသားဥယျာဉ်ရှိ ကြံ့ ၆ ကောင် အပါအဝင် တောရိုင်းတိရစ္ဆာန်အကောင်ရေ ၁၃၀ ကျော် ရေနစ်သေဆုံးခဲ့ကြောင်း ဘီဘီစီသတင်းဌာနက ဖော်ပြသည်။

ကယ်ဆယ်ရေးအဖွဲ့များက တောရိုင်းတိရစ္ဆာန် ၉၇ ကောင်ကို ရေဘေးမှ ကယ်ဆယ်ခဲ့ပြီး ၎င်းတို့အနက်မှ ၂၅ ကောင်ကို ဆေးကုသပေးခဲ့ရသေးသည်။

အဆိုပါဥယျာဉ်အတွင်း မျိုးတုန်းတော့မည့် ဦးချိုတစ်ချောင်းပါကြံ့အကောင်ရေ ၂၄၀၀ ကျော်ကို ဘေးမဲ့ပေးမွေးမြူစောင့်ရှောက်ထားကြောင်း သိရသည်။

**Mon**

# ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသတိုက်ပွဲဖြစ်စဉ်များနှင့်ပတ်သက်၍

## နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ သတင်းထုတ်ပြန်ရေးအဖွဲ့ခေါင်းဆောင် ဗိုလ်ချုပ် ဇော်မင်းထွန်း၏ ပြောကြားချက်

ဒီနေ့မှာတော့ ရှမ်းပြည်နယ်(မြောက်ပိုင်း)ဒေသ ဖြစ်စဉ်များနဲ့ ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်ရဲ့ သဘောထားများကို ပြောကြားသွားမှာဖြစ်ပါတယ်။



၂၀၂၃ ခုနှစ်၊ အောက်တိုဘာလ ၂၇ ရက်မှာ MNDAA ဟာ TNLA ၊ AA အဖွဲ့တို့နဲ့ ပူးပေါင်းပြီး အထူးဒေသ(၂) "ဝ"ဒေသကတစ်ဆင့် နမ့်တစ်ချောင်းကို ဖြတ်ကူးပြီး တရုတ်၊ မြန်မာနယ်စပ်မြို့ ချင်းရွှေဟော်မြို့ကို စတင်တိုက်ခိုက်ခဲ့ပါတယ်။ ဒီဖြစ်စဉ်တွေနဲ့ ပတ်သက်ပြီးလည်း ကျွန်တော့်အနေနဲ့ ယခင်ကလည်း ရှင်းလင်းပြောကြားခဲ့ပြီးဖြစ်ပါတယ်။ တစ်ပြိုင်နက်တည်းမှာပဲ နမ့်ခမ်း၊ သီနီ၊ ကွတ်ခိုင်မြို့တွေကို TNLA အဖွဲ့က နှောင့်ယှက်တိုက်ခိုက်မှုတွေ ပြုလုပ်ခဲ့ပါတယ်။ သိန္နီမြို့၊ ကွမ်းလုံမြို့နဲ့ လောက်ကိုင်မြို့တစ်ဝိုက်ကိုလည်း စတင်တိုက်ခိုက်ပါတယ်။ ဒီဇင်ဘာလ ၂၂ ရက်နေ့မှာ TNLA အဖွဲ့ဟာ မန်တုံဒေသတစ်ဝိုက်ကို တိုက်ခိုက်ခဲ့ပါတယ်။ TNLA ပူးပေါင်းအဖွဲ့ဟာ နမ္မတူဒေသနဲ့ နမ္မတူမြို့ကို တိုက်ခိုက်ခဲ့ပါတယ်။ ၂၀၂၄ ခုနှစ်၊ ဇန်နဝါရီလ ၅ ရက်နေ့မှာတော့ MNDAA နဲ့ ပူးပေါင်းအဖွဲ့ဟာ ဟိုပန်ဒေသနဲ့ ဟိုပန်မြို့ကို တိုက်ခိုက်ခဲ့ပါတယ်။

### နေ့စဉ်ပစ်ခတ်တိုက်ခိုက်

၂၀၂၄ ခုနှစ်၊ ဇွန်လ ၂၅ ရက်နေ့မှာ TNLA ပူးပေါင်းအဖွဲ့ဟာ နောင်ချိုနဲ့ ကျောက်မဲဒေသတစ်ဝိုက်ရှိ လုံခြုံရေးစခန်းတွေနဲ့ နောင်ချို၊ ကျောက်မဲမြို့တွေကို တိုက်ခိုက်ခဲ့ပါတယ်။ ဇူလိုင်လ ၃ ရက်နေ့မှာ MNDAA ပူးပေါင်းအဖွဲ့ဟာ လားရှိုးမြို့ဝန်းကျင်ကို စတင်တိုက်ခိုက်ခဲ့ပြီး လားရှိုးမြို့ထဲကို ရှေးတိုက်ဒုံးတွေ ၊ Drone တွေနဲ့ Drop Bomb ချတိုက်ခိုက်တာတွေကို နေ့စဉ်ပစ်ခတ်တိုက်ခိုက်ခဲ့ပါတယ်။

MNDAA အဖွဲ့အနေနဲ့ ချင်းရွှေဟော်ဒေသတစ်ဝိုက်နဲ့ကိုးကန့်နယ်မြေကို စတင်တိုက်ခိုက်ခါစက ကျားဖြန့်လို့ခေါ်တဲ့ Online လောင်းကစားမှု၊ လိမ်လည်မှုကို တိုက်ဖျက်ရန်ဆိုတဲ့ ခေါင်းစဉ်နဲ့ စတင်ခဲ့တယ်ဆိုတာ သိရပါတယ်။ လောက်ကိုင်ဒေသအပါအဝင် နယ်စပ်ဒေသတွေမှာဖြစ်ခဲ့တဲ့ ကျားဖြန့်ခေါ် အွန်လိုင်းလိမ်လည်မှုတွေဟာ လောက်ကိုင်မှာဆိုရင် ဟိုတယ်တွေ၊ လျှို့ဝှက်နေရာတွေမှာ ပုန်းလျှိုးကွယ်လျှိုးဆောင်ရွက်ကြတာဖြစ်လို့ နိုင်ငံတော်အစိုးရအဖွဲ့အနေနဲ့ သိရှိခဲ့ခြင်းမရှိပါဘူး။ လိမ်လည်မှုများကို တရုတ်နိုင်ငံက တိမ်းရှောင်လာတဲ့ တရုတ်ရာဇဝတ်သားတွေက ပြုလုပ်ခဲ့တာဖြစ်ပြီး လောင်းကစားလုပ်သူများ၊ လိမ်လည်ခံရသူအများစုဟာလည်း တရုတ်နိုင်ငံသားများသာဖြစ်လို့ မြန်မာနိုင်ငံက အများစုက သိရှိခဲ့ခြင်းမရှိပါဘူး။ မြန်မာနိုင်ငံအစိုးရအနေနဲ့ ဒီကျားဖြန့်ကိစ္စကို သိရှိတာနဲ့တစ်ပြိုင်နက် တရုတ်နိုင်ငံနဲ့ တက်ကြွစွာ ပူးပေါင်းဆောင်ရွက်ပြီး နှိမ်နင်းခဲ့ပါတယ်။ ကိုးကန့်ဒေသမှာသာမက အခြားနယ်စပ်ဒေသများမှာပါ ဆောင်ရွက်ခဲ့ပါတယ်။

မနေ့ကအထိ မိုင်းပေါက်ဒေသ၊ လောက်ကိုင်ဒေသ၊ တာချီလိတ်ဒေသ၊ မူဆယ်ဒေသ၊ မြဝတီ (ရွှေကုက္ကိုလ်၊ KK Park) တို့က နေ ဖော်ထုတ်ဖမ်းဆီးရမိခဲ့တဲ့ တရုတ်နိုင်ငံသား ၅၁၈၅၁ ဦး၊ ဗီယက်နမ်နိုင်ငံသား ၁၁၄၃ ဦး၊ ထိုင်းနိုင်ငံသား ၆၄၀ အပါအဝင် ၂၁၅၀ ကို သက်ဆိုင်ရာ နိုင်ငံတွေကို လွှဲပြောင်းပေးနိုင်ခဲ့ပါတယ်။ နောက်ပိုင်းမှာ MNDAA ဟာ ကိုးကန့်နယ်မြေ အထူးဒေသ(၁)ရရှိရေးဆိုပြီး လုပ်ဆောင်လာပါတယ်။ အကြမ်းဖက် NUG အဖွဲ့နဲ့တွေ့ဆုံပြီး သူတို့နယ်မြေကို လိုက်ပြတာတွေ၊ ဆွေးနွေးတာတွေ လုပ်လာတဲ့အပြင် ကိုးကန့်ဒေသရဲ့ ပြင်ပကိုပါ ဆက်လက်နယ်မြေချဲ့ထွင်လာတာတွေ့ရပါတယ်။ NUG အဖွဲ့ရဲ့ အသံကိုလိုက်ပြီး ပြောကြားနေတာကိုလည်း တွေ့ရပါတယ်။ ကိုးကန့်နယ်မြေထဲက ကလေးငယ်များပါမကျန် လူသစ်စုဆောင်းတာတွေ၊ ကိုးကန့်ဒေသအတွင်းမှာ အလုပ်လုပ်ကိုင်ခဲ့ကြတဲ့ ဗမာအပါအဝင် တိုင်းရင်းသားအလုပ်သမားတွေကို ဖမ်းဆီးပြီး MNDAA ထဲကိုသွင်းပြီး တိုက်ပွဲဝင်ခိုင်းတာတွေ လုပ်ဆောင်ခဲ့ပါတယ်။ စာသင်ကျောင်းတွေကို ပိတ်ပစ်တာတွေ၊ ပညာသင်ကြားမှု ပိတ်ပင်တာတွေကိုလည်း ပြုလုပ်ခဲ့ပါတယ်။ TNLA အဖွဲ့အနေနဲ့လည်း အလားတူလုပ်ဆောင်ခဲ့ပါတယ်။ နောက်ပိုင်းမှာ အဲဒီဒေသမှာရှိတဲ့ သူတို့လက်နက်ကိုင်အဖွဲ့အချင်းချင်း နယ်မြေအငြင်းပွားတာတွေလည်း ဖြစ်နေတာ တွေ့ရပါတယ်။

### အပြစ်မဲ့အရပ်သားပြည်သူသေဆုံး

အခုလားရှိုးမြို့ကို ဇူလိုင်လ ၃ ရက်နေ့က စတိုက်ခိုက်လာပြီး နေ့စဉ်အဝေးကနေ ရှေးတိုက်ဒုံး၊ Drone တွေနဲ့ ရမ်းသန်းပစ်ခတ်တိုက်ခိုက်မှုကြောင့် အပြစ်မဲ့အရပ်သားပြည်သူ ၁၈ ဦးသေဆုံးပြီး ၂၄ဦး ဒဏ်ရာရရှိခဲ့ပါတယ်။ သူတို့သိမ်းပိုက်ခဲ့တဲ့ နယ်မြေတိုင်းမှာ ပြည်သူလူထုရဲ့ လူမှုစီးပွားဘဝပျက်သုဉ်းခဲ့ရပါတယ်။ လားရှိုးမြို့မှာ ထင်ရှားတဲ့ လားရှိုးလေဆိပ်အနီးက တရုတ်ဖာ့ရွန် ဘုံကျောင်းကို မနေ့က မနက် ၇ နာရီမှာ Droneနဲ့ Drop Bombချ တိုက်ခိုက်ခဲ့ပါတယ်။ လားရှိုးမှာ နေထိုင်ကြတဲ့ တရုတ်လူမျိုးများအပါအဝင် ဒေသခံပြည်သူလူထုကလည်း ဒီ MNDAA နဲ့ အပေါင်းပါအဖွဲ့တွေကို အလိုမရှိကြောင်း ဆန့်ကျင်လျက်ရှိပါတယ်။ နိုင်ငံတော်အစိုးရ၊ တပ်မတော်အနေနဲ့ မြို့ခံလူထု၊ ပြည်သူလူထုရဲ့လုံခြုံရေးနဲ့ ဘေးအန္တရာယ်ကင်းရှင်းရေးကို ဦးစားပေးဆောင်ရွက်လျက်ရှိပါတယ်။

### အရပ်သားပြည်သူများဘေးကင်းလုံခြုံရေး

နိဂုံးချုပ်အနေနဲ့ ပြောကြားလိုတာကတော့ MNDAA နဲ့ TNLA တို့ရဲ့ အကြမ်းဖက်တိုက်ခိုက်မှုကြောင့် မြို့ရွာများ၊ အရပ်သားပြည်သူများ ဘေးကင်းလုံခြုံစေရေးအတွက် အထူးအလေးထားပြီး နိုင်ငံတော်အစိုးရအနေနဲ့ ဆောင်ရွက်သွားမှာဖြစ်ပါတယ်။ ပြည်သူလူထုတစ်ရပ်လုံးကလည်း ဝိုင်းဝန်းပူးပေါင်းဆောင်ရွက်သွားကြဖို့ မေတ္တာရပ်ခံပန်ကြားအပ်ပါတယ်။

အားလုံးကို ကျေးဇူးတင်ပါတယ်။



MNDAA အကြမ်းဖက်သောင်းကျန်းသူများက လားရှိုးမြို့အတွင်းသို့ ရှေ့တိုက်ဒုံးများ၊ Drop Bomb များဖြင့် ပစ်ခတ်တိုက်ခိုက်ခဲ့မှုကြောင့် တရုတ်ဖာ့ရွန်ဘုံကျောင်း ထိခိုက်ပျက်စီးမှုကို တွေ့ရစဉ်။



# အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ၎င်းတို့၏ လက်ဝေခံများ၏ လှုံ့ဆော်၊ ဝါဒဖြန့်ခြင်းများအား လိုက်ပါလုပ်ဆောင်ခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့သူများအား ဖော်ထုတ်အရေးယူ

နေပြည်တော် ဇူလိုင် ၉

အကြမ်းဖက်အုပ်စုအဖြစ် ကြေညာထားသော CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့်ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် ပြည်သူလူထုကို အကြောက်တရားများ ဖြစ်ပေါ်စေပြီး အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်း၊ ခြိမ်းခြောက်ခြင်းများကို လူမှုကွန်ရက်များမှတစ်ဆင့် နည်းမျိုးစုံဖြင့် ပြုလုပ်လျက်ရှိသည်။

ပြည်သူများအနေဖြင့် ယင်းတို့၏ လှုံ့ဆော်မှု၊ ဝါဒဖြန့်မှုများအပေါ် မသိနားမလည်၍ဖြစ်စေ၊ ကြောက်ရွံ့၍ဖြစ်စေ လိုက်ပါလုပ်ဆောင်ခြင်း၊ အသံဖြင့်ဖြစ်စေ၊ ပြုလုပ်မှုဖြင့်ဖြစ်စေ၊ တစ်နည်းနည်းဖြင့်ဖြစ်စေ အများပြည်သူအနှောင့်အယှက်ဖြစ်စေမည့် ပြုလုပ်မှုများပြုလုပ်ခြင်း၊ လှုံ့ဆော်ဝါဒဖြန့်မှုများကို ထပ်ဆင့်ဝေမျှခြင်း၊ အားပေးကူညီခြင်းများ ပြုလုပ်ခဲ့လျှင် အကြမ်းဖက်မှုတိုက်ဖျက်ရေး ဥပဒေပုဒ်မ ၅၂(က)၊ ရာဇသတ်ကြီးပုဒ်မ ၁၂၄-ကနှင့် ပုဒ်မ ၅၀၅-က၊ အီလက်ထရောနစ်ဆက်သွယ် ဆောင်ရွက်ရေးဥပဒေပုဒ်မ ၃၃ (က)နှင့် တည်ဆဲဥပဒေများအရ အရေးယူခံရမည့်အပြင် ပြစ်မှုနှင့်သက်ဆိုင်သည့် ရွှေ့ပြောင်းနိုင်သောပစ္စည်း၊ မရွှေ့ပြောင်းနိုင်သောပစ္စည်းများကို အကြမ်းဖက်မှုတိုက်ဖျက်ရေးဥပဒေအရ သိမ်းဆည်းခံရနိုင်ပြီး ပြစ်မှုထင်ရှားစီရင်ခြင်းခံရပါက နိုင်ငံတော်ဘဏ္ဍာအဖြစ် သိမ်းဆည်းခံရနိုင်ကြောင်း ၂၀၂၂ ခုနှစ် ဇန်နဝါရီ ၂၅ ရက်တွင် နိုင်ငံပိုင်မီဒီယာများမှတစ်ဆင့် အသိပေးသတင်းထုတ်ပြန်ခဲ့ပြီး ဖြစ်သည်။

ထိုကဲ့သို့ သတင်းထုတ်ပြန်ခဲ့ပြီးဖြစ်သော်လည်း ၂၀၂၄ ခုနှစ် ဇူလိုင် ၈ ရက်တွင် အသိပေးထုတ်ပြန်ချက်အပေါ် မျက်ကွယ်ပြု၍ နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်ရည်ရွယ်ကာ လူမှုကွန်ရက်စာမျက်နှာပေါ်၌ လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုမူလုပ်ဆောင်ခဲ့သည့် "Hla Htun Oo" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ မန္တလေးတိုင်းဒေသကြီး ချမ်းမြသာစည်မြို့နယ် ကျွန်းလုံးဥသျှောင်ရပ်ကွက်နေ လှထွန်းဦးအား နံနက် ၁၁ နာရီ ၄၅ မိနစ်တွင်လည်းကောင်း၊ "Me Me" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ကျွန်းလုံးဥသျှောင်ရပ်ကွက်နေ မိမိလင်း(ခ)ချစ်မီအား မွန်းလွဲ ၁၂ နာရီ မိနစ် ၂၀ တွင်လည်းကောင်း၊ "NGA" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ ပုသိမ်ကြီးမြို့နယ် အိုးဘိုရွှေကျင်ရပ်ကွက်နေ နေလင်းထွန်းအား ညနေ ၄ နာရီ ၁၀ မိနစ်တွင်လည်းကောင်း၊ "Jue Jue" Facebook အကောင့်ပိုင်ရှင်ဖြစ်သူ နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် မင်္ဂလာသိဒ္ဓိရပ်ကွက်နေ ဂျူးဂျူးအား ည ၇ နာရီခွဲတွင်လည်းကောင်း သက်ဆိုင်ရာ ရဲစခန်းအသီးသီး၌ တရားဥပဒေနှင့်အညီ ဖမ်းဆီးထိန်းသိမ်းအမှုဖွင့်လှစ်အရေးယူခြင်းများ ဆောင်ရွက်ခဲ့သည်။

ထိုကဲ့သို့ CRPH၊ NUG နှင့် ယင်းတို့၏ လက်ဝေခံအဖွဲ့အစည်းများ၊ ယင်းတို့နှင့် ဆက်နွှယ်နေသော အဖွဲ့အစည်းများ၊ လူပုဂ္ဂိုလ်များသည် နိုင်ငံတော်တည်ငြိမ်အေးချမ်းရေးကို ပျက်ပြားစေရန်နှင့် အစိုးရယန္တရားများပျက်ပြားစေရန် ရည်ရွယ်လျက် လှုံ့ဆော်ခြင်း၊ ဝါဒဖြန့်ခြင်းများ ပြုလုပ်ခဲ့မှုအပေါ် အားပေးကူညီခြင်းပြုလုပ်ခဲ့သူများအား ဥပဒေနှင့်အညီ ထိရောက်စွာအရေးယူသွားမည်ဖြစ်ကြောင်းနှင့် ထိုသို့ လှုံ့ဆော်သူ၊ ဝါဒဖြန့်သူများအား ဆက်လက်ဖော်ထုတ်အရေးယူသွားမည်ဖြစ်ကြောင်း သိရသည်။

သတင်းစဉ်

# လျှပ်စစ်ရဲ့ ဝေဒနာ အဖြေရှာ

နော်ယဉ်ကျေး

တစ်လောက နာမည်ကြီး ဂျာနယ်တစ်စောင်၏ အယ်ဒီတာချုပ်တစ်ဦးနှင့် စကားပြောကြဆိုကြရင်း လျှပ်စစ်ဌာန၏ ဝေဒနာများကို ငြီးတွားမိသည်။ ထိုအခါ အယ်ဒီတာချုပ်မှ 'အဲဒါကို ပြည်သူတွေ ကျယ်ကျယ်ပြန့်ပြန့်မသိသေးလို့ ဖြစ်ရတာဗျ၊ ဆောင်းပါးတစ်ပုဒ်လောက်ရေးလိုက်စမ်းပါ'ဟု ဆိုလာပါသဖြင့် ပြန်တောင်းဆိုလိုက်သည်၊ 'ဆရာ့တို့လို အယ်ဒီတာတွေကလည်း ဂျာနယ်တို့၊ စာစောင်တို့ ထုတ်ဝေလျှင် ပြည်သူတွေကို အဆိပ်အတောက်ဖြစ်စေမည့် လျှပ်စစ်ဆိုင်ရာ ကာတွန်းများ၊ ဆောင်းပါးများကို မဖော်ပြမိစေဖို့ သေချာစွာ စိစစ်ဂရုစိုက်ပေးကြပါဦး'ဟု မိမိက ပြန်ပြောလိုက်ပါသည်။

မှန်ပါသည် ပြည်သူတို့အနေဖြင့် လျှပ်စစ်ဌာန၏ လုပ်ဆောင်မှုများ၊ လျှပ်စစ်ဖြန့်ဖြူးနေသည့် သဘောတရားများကို ဂဃဏန မသိဘဲ ထင်ရာမြင်ရာပြောဆို နေကြခြင်းဖြစ်ပါသည်။ လျှပ်စစ်ဓာတ်အားရရှိမှု၏ အရေးပါမှုကြောင့် သက်ဆိုင်ရာဝန်ကြီးဌာနအနေဖြင့် အစိုးရအဆက်ဆက် နည်းမျိုးစုံ ကြိုးပမ်းဆောင်ရွက်နေကြသော်လည်း ယခုအချိန်အခါတွင် ပြည်တွင်း၊ ပြည်ပ အဖျက်သမားအချို့နှင့် ပြည်ဖျက်မီဒီယာအချို့က ပြည်သူ့အကျိုးအတွက် မလိုလားသဖြင့် မျက်မှန်စိမ်းတပ်ပေးနေခြင်းကို သတိပြုသင့်လှသည်။

သတင်းစာဂျာနယ် မီဒီယာတွေက ဖတ်ရှုသူနည်းပါးလာလို့ တော်သေးသည်ဟု အောက်မေ့ပါကလည်း မှားပါလိမ့်မည်၊ အဆိုပါ အဆိုးမြင် သဘောမျိုး ကာတွန်းတွေစာတွေကို facebook လို Online မီဒီယာပေါ် တင်နေကြသည် ။ ယုံကြည်သူကလည်း ယုံကြည်နေကြသည်။ Online မီဒီယာဟု ခေါ်ကြသည့် Social Media များသည် အများအပြားရှိကြပြီး နိုင်ငံတကာတွင် မျှမျှတတ သုံးစွဲကြသည်။ Social Media ပေါ် ကိစ္စတစ်ခု မတင်ခင်တွင်လည်း ကျိုးကြောင်းဆီလျော်မှု ရှိ၊ မရှိ၊ ဥပဒေနှင့် လွတ်ကင်းမှု ရှိ၊ မရှိ စသည်ဖြင့် အကောင်းအဆိုး၊ အကြောင်းအကျိုး ၊ အမှားအမှန် ဝေဖန်ပိုင်းခြား၍ အသေအချာ လေ့လာသုံးသပ်ပြီးမှ တင်ပြကြလေ့ရှိသည်။ ပေါ့ပေါ့လွယ်လွယ် မတင်ကြပါ၊ မြန်မာနိုင်ငံမှာက facebook တစ်ခုတည်းကိုသာ တွင်တွင်ကျယ်ကျယ် အသုံးပြုနေကြပြီး ဘုရားဟောကဲ့သို့ မှတ်ယူနေကြသည်။ မြန်မာနိုင်ငံတွင် facebook ကို ကြိုက်ကြသည့် အကြောင်းအရင်းတစ်ခုကလည်း ရှိသည်။ ဓာတ်ပုံ၊ မှတ်ပုံတင်စသည့် ကိုယ်ရေးအချက်အလက်များ သိပ်မတောင်းဘဲ အလွယ်တကူ အကောင့်ဖွင့်လို့ရသည်။ အကောင့်တုပြုလုပ်ရန်လွယ်သည် လိမ်ဖို့ ၊ မဟုတ်တမ်းတရားပြောဖို့လွယ်နေ၍ ဖြစ်သည်။ ထို့ကြောင့် facebook မှ facebook ဖြစ်နေပြီး facebook သုံးမရလျှင်ပင် အားလုံးကို ရန်သူသဖွယ် ပြောဆိုလာနေကြပေသည်။

**လျှပ်စစ်နှင့်ပတ်သက်၍ သတင်းအမှန်ကို သိလိုပါက အစိုးရဌာနမှ တရားဝင်ထုတ်ပြန်ချက်များကိုသာ လေ့လာဖတ်ရှုသင့်ကြပါသည်။ စိတ်ခံစားချက်မျိုးစုံဖြင့် ဘက်ပေါင်းစုံမှ ဝေဖန်နေမှုများ။ တစ်စိတ်ကို တစ်အိတ်လုပ်၍ လူထုအတွင်း စိတ်ခံစားချက် ပိုမိုများပြားလာအောင် မြှောက်ပင့်လှုံ့ဆော်နေသော မီဒီယာအချို့၏ ဖော်ပြမှုများကြောင့် လျှပ်စစ်ဝေဒနာသည် အဖြေရှိပြီး ဆေးမတွေ့သည့် ရောဂါသဖွယ် ဖြစ်လာနေရခြင်းဖြစ်သည်။ မည်သည့်ကိစ္စမဆို အစိုးရတွင်သာ တာဝန်ရှိခြင်းမဟုတ်ဘဲ ပြည်သူများဘက်ကလည်း တာဝန်ကိုယ်စီရှိနေကြပါသည်။**



ထို့ကဲ့သို့ စည်းကမ်းမရှိသော Post တင်မှုမျိုးကို လွယ်လွယ်ကူကူ လုပ်ဆောင်နိုင်သော facebook ကြောင့် လျှပ်စစ်ဌာနအနေဖြင့် ကောင်းကျိုးရော၊ ဆိုးကျိုးရော ခံစားနေကြရသည်။ ကောင်းကျိုးမှာ လျှပ်စစ်ဌာန၏ လုပ်ဆောင်မှုများကို ပြည်သူတို့သိရှိစေရန် အလွယ်တကူ တင်ပြနိုင်သည်။ ဆိုးကျိုးမှာ အထက်က ဖော်ပြခဲ့သလို မလိုလားအပ်သော အဆိုးမြင် ဖော်ပြမှုများ ၊ ဥပမာ 'မီးလာလျှင် အဆင်သင့်ဖြစ်အောင် ခလုတ်တွေ အကုန်ဖွင့်ထား' ဟူသော မှားယွင်းစွာအကြံပြုထားသည့် Post များ(လျှပ်စစ်မီးလာလာခြင်း ခလုတ်အားလုံး တစ်ပြိုင်တည်း ဖွင့်ထားပါက ဝန်အားမနိုင်ဘဲ ဘရိတ်ကာများ ပြုတ်ကျခြင်း၊ ဓာတ်အားလိုင်းများ၊ ခွဲရုံများတွင် လျှပ်စစ်ပစ္စည်းများ လောင်ကျွမ်း ပျက်စီးခြင်းများ ဖြစ်တတ်ပါသည်) 'မိုးချိန်းတာမဟုတ်ဘူး ငါ့အိမ်ပေါက်တာ မပိတ်နဲ့ဦး' ဟူသော အဆိုးမြင်ကာတွန်းများ (လျှပ်စစ်ဌာနသို့ ထိုင်စောင့်၍ ခလုတ်ဖွင့်ပိတ်နေသော ဝန်ထမ်းများ လုံးဝမရှိပါ။ ရာသီဥတု ဖောက်ပြန်မှု၊ ဝန်အားမနိုင်မှုများကြောင့် လောင်ကျွမ်းပျက်စီးခြင်းကြောင့် မီးပျက်ခြင်းမျိုးသာဖြစ်သည်)ကို လွယ်လွယ်ဖော်ပြနေပြီး လျှပ်စစ်သဘောတရားများကို သိအောင်လည်း မလေ့လာ၊ စာလည်း မဖတ်ကြဘဲ အဆိုပါ အဆိုးမြင်ဝါဒီ မီဒီယာများ၏ လှုံ့ဆော်မှုကို ယုံကြည်၍ ဌာနအပေါ် အဆိုးမြင်နေသူများပြားလာနေခြင်းဖြစ်သည်။

ထို့ထက်ပိုဆိုးသည်မှာ မိမိနေထိုင်ရာ ရပ်ကွက်၊ နေရာတွင် ပုံမှန်မဟုတ်သော မီးပျက်ခြင်းမျိုး ဖြစ်ပွားလာပါက ဖုန်းဆက်အကြောင်းကြားရမည့် ပြည်သူ့တာဝန်ကို မသိရှိကြတော့ခြင်းဖြစ်သည်။ ယနေ့ခေတ်တွင် လူတိုင်းဖုန်းရှိနေကြကာ ဖုန်းဖြင့်ဆက်သွယ်သတင်းပို့နိုင်ရန်လည်း မီတာပြေစာများပေါ်တွင် ရှေ့ဘက်၌ ဖုန်းနံပါတ်များ ဖော်ပြထားပြီး၊ နောက်ကျောတွင်လည်း ပြည်သူသို့ အသိပေးပန်ကြားချက်များတွင် တိုင်ကြားရန် သေချာဖော်ပြထားပါသည်။ သို့သော် မည်သူမျှ ဖုန်းမဆက်ဘဲ ထိုင်စောင့်နေကြသည်။ တချို့ကတော့ အွန်လိုင်းမီဒီယာ facebook ပေါ်တွင် မီးပျက်တာကို လျှောက်၍ Post တင်ပြီး ဖွနေကြသည်။ ထို့သို့ပြုလုပ်ခြင်းဖြင့် ပြည်သူများအကြား အဆိုးမြင်သဘောဖြစ်စေမည်သာဖြစ်ပြီး လျှပ်စစ်ဌာနမှဝန်ထမ်းများ မသိရှိပါက လျှပ်စစ်မီးလိုင်းများသည် အလိုလိုပြန်ကောင်းလာစရာမရှိပါ။ မြန်မာနိုင်ငံတွင် ကွန်ပျူတာဖြင့် ချိတ်ဆက်ဆောင်ရွက်သော လျှပ်စစ်ဖြန့်ဖြူးမှုစနစ်ဖြစ်သည့် SCADA လို စနစ်မျိုးမှာ ဆောင်ရွက်နိုင်ရန် ကြိုးစားနေဆဲသာဖြစ်ပြီး လိုင်းဖော့ဖြစ်ပွားပါက အလိုအလျောက်မသိရှိနိုင်ပါ၊ ဝန်ထမ်းများအနေဖြင့်လည်း လျှပ်စစ်ဓာတ်အားခွဲရုံများရှိ ဖီဒါများအားခွင့်ပြုသည်မှအပ ထိခွင့်၊ ကိုင်ခွင့်ပင်မရှိဘဲ ခွင့်ပြုချက်မရှိဘဲ ဖွင့်၊ ပိတ်ဆောင်ရွက်မှုမျိုးကို တွေ့ရှိပါက အရေးယူခံကြရပါသည်။ ယခုအခါ မလိုလားအပ်သော မီးပြတ်တောက်ခြင်းမျိုး မဖြစ်စေရန်အတွက် အဆင့်ဆင့် ကြပ်မတ်စစ်ဆေးဆောင်ရွက်လျက်ရှိပါသည်။ ရုံးသို့ ဖုန်းဖြင့် သတင်းပို့တိုင်ကြားမှုသာ နေရာမေး၍ လာရောက်ပြင်ဆင်ဆောင်ရွက်ပေးခြင်းဖြင့် လျှပ်စစ်ဓာတ်အား ပြန်လည်ရရှိနိုင်ပါသည်။

ဤနေရာတွင် ပြည်သူများ နားလည်နိုင်ရန် အရေးပေါ် ဂျူတီစနစ်ကို အနည်းငယ်ရှင်းပြလိုပါသည်။ ရန်ကုန်မြို့တွင် လျှပ်စစ်မီးသုံးစွဲသူ (Consumer) (၁၇) သိန်းခန့်ရှိပြီး မြို့နယ်ရုံး၊ မြို့ရုံး ၅၈ ရုံးဖြင့် ဖြန့်ခွဲ၍ ဝန်ဆောင်မှုပေးလျက်ရှိပါသည်။ မြို့အားလုံးတွင် အရေးပေါ် မီးပျက်၊ ပြင်ဌာန တစ်ခုစီ ရှိကြသောကြောင့် အရေးပေါ်ဌာန (၅၈)ခု ရှိပါသည်။ မြို့နယ်၊ မြို့များ၏ အကျယ်အဝန်းနှင့် လူနေသိပ်သည်းမှုအရ မီးသုံးသူဦးရေ ၈၀၀၀ မှ ၈၀၀၀၀ အထိ ဝန်ဆောင်မှုပေးကြရပါသည်။ အရေးပေါ်ဌာနတစ်ခုသည် ပုံမှန်အားဖြင့် တစ်နာရီလျှင် မီးသုံးသူ ၂၀ ဦးခန့်ကိုသာ ပြန်လည်ဖြေကြားဝန်ဆောင်မှုပေးနိုင်ပါသည်။ ယင်းပမာဏသည် ပုံမှန်သာမန်အခြေအနေအတွက် အဆင်ပြေနိုင်သော်လည်း တစ်မြို့နယ်လုံး လေမိုးကျ၍ ဓာတ်အားလိုင်းများ အပြစ်ဖြစ်ပွားချိန်နှင့် ဝန်အားမနိုင်နင်းသဖြင့် အုပ်စုလိုက်မီးပိတ်ရချိန်များတွင် ဖုန်းဆက်တိုင်ကြားသူ အလွန်များ၍ လိုင်းကြပ်ပြီး ဖုန်းခေါ်မရ၊ ဆက်မရဖြစ်ကြရသဖြင့် မိမိအိမ်မီးပျက်၍ ဖုန်းဆက်ကြရာတွင်လည်း လိုအပ်သလောက်သာ လို၊ တို၊ ရှင်း ပြောဆိုကြခြင်းဖြင့် ကူညီပေးသွားရန် အထူးလိုအပ်လှပါသည်။

ပြည်သူများအနေဖြင့် လျှပ်စစ်နှင့်ပတ်သက်၍ သတင်းအမှန်ကို သိလိုပါက အစိုးရဌာနမှ တရားဝင်ထုတ်ပြန်ချက်များကိုသာ လေ့လာဖတ်ရှုသင့်ကြပါသည်။ စိတ်ခံစားချက်မျိုးစုံဖြင့် ဘက်ပေါင်းစုံမှ ဝေဖန်နေမှုများ၊ တစ်စိတ်ကို တစ်အိတ်လုပ်၍ လူထုအတွင်း စိတ်ခံစားချက် ပိုမိုများပြားလာအောင် မြှောက်ပင့်လှုံ့ဆော်နေသော မီဒီယာအချို့၏ ဖော်ပြမှုများကြောင့် လျှပ်စစ်ဝေဒနာသည် အဖြေရှိပြီး ဆေးမတွေ့သည့် ရောဂါသဖွယ် ဖြစ်လာနေရခြင်းဖြစ်သည်။ မည်သည့်ကိစ္စမဆို အစိုးရတွင်သာ တာဝန်ရှိခြင်းမဟုတ်ဘဲ ပြည်သူများဘက်ကလည်း တာဝန်ကိုယ်စီ ရှိနေကြပါသည်။ ပြည်သူတွေ ဘဝလုံခြုံ၍ ပြည်သူ့ဘဝဖွံ့ဖြိုးတိုးတက်စေရန်မှာ ပြည်သူကို ဗဟိုပြုပြီး ပြည်သူ့အားနှင့်သာ တည်ဆောက်သွားကြရမည်ဖြစ်ပါသည်။

အချုပ်အားဖြင့် တင်ပြလိုသည်မှာ ယခုအခါ ပြည်ထောင်စုဝန်ကြီးနှင့် ဌာနတာဝန်ရှိသူများကိုယ်တိုင် ကြီးကြပ်၍ မြို့နယ်ရုံးများတွင် Conplaint ဖုန်းများ ပြတ်တောက်မှုမရှိစေရေးနှင့် Conplaint ဖုန်းများ ဖြေကြားမှုမပြုခြင်းမျိုး မဖြစ်ပေါ်စေရေးတို့အတွက် တိုင်ကြားသူ အမည်၊ လိပ်စာ၊ ဖုန်းနံပါတ်၊ တိုင်ကြားသည့်အကြောင်းအရာ၊ ပြင်ဆင်ပြီးစီးမှုအခြေအနေ စသည်ဖြင့် အသေးစိတ်မှတ်တမ်းတင်၍ အဆင့်ဆင့် ပြန်လည်တင်ပြစေခြင်းမျိုးကို ကြပ်မတ်ဆောင်ရွက်လျက်ရှိကြသဖြင့် တစ်ဆင့်ကြားစကားများ နားယောင်ပြီး အဆိုးမြင်စကားများ Online ပေါ်တွင် ဖြန့်ချိနေခြင်း၊ ပြက်လုံးများ ထုတ်နေခြင်းတို့ကို ရှောင်ကြဉ်ကြပါရန်နှင့် မီးလာရမည့်အချိန် မီးပျက်ပါက လျှပ်စစ်ဌာန (၂၄)နာရီ အရေးပေါ်တယ်လီဖုန်းများသို့ အချိန်နှင့်တစ်ပြေးညီ အကြောင်းကြားပေးကြပါရန် တိုက်တွန်းရေးသားတင်ပြလိုက်ရပါသည်။




## 2024 Wimbledon တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ Jasmine Paolini တက်ရောက်



**လန်ဒန် ဇူလိုင် ၉**

အင်္ဂလန်နိုင်ငံ၊ လန်ဒန်မြို့တွင် ကျင်းပပြုလုပ်လျက်ရှိသော အမျိုးသမီး တင်းနစ်ပြိုင်ပွဲဖြစ်သည့် 2024 Wimbledon တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်သို့ အီတလီတင်းနစ်မယ် Jasmine Paoliniတက်ရောက်ခဲ့သည်။

အဆိုပါ အီတလီတင်းနစ်မယ် Jasmine Paolini သည် 2024 Wimbledon တင်းနစ်ပြိုင်ပွဲ စတုတ္ထအဆင့်တွင် အမေရိကန်တင်းနစ်မယ် Madison Keys အား ၆-၃၊ ၆-၅ ဖြင့် အနိုင်ရရှိကာ ကွာတားဖိုင်နယ်အဆင့်သို့ တက်ရောက်ခဲ့ခြင်းဖြစ်သည်။

2024 Wimbledon တင်းနစ်ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်တွင် အီတလီတင်းနစ်မယ် Jasmine Paolini နှင့် အမေရိကန်တင်းနစ်မယ် Emma Navarro တို့ ယှဉ်ပြိုင်ကစားသွားမည် ဖြစ်သည်။

(အပေါ်ဝဲပုံ)

(NGB)

## နည်းပြ ဒိုရီဗယ်လ် ဘရာဇီးနည်းပြ ရာထူးမှ ထုတ်ပယ်ခံရဖွယ်ရှိ

**လန်ဒန် ဇူလိုင် ၉**



ဘရာဇီးအသင်းသည် အသင်းနည်းပြ ဒိုရီဗယ်လ်အား နည်းပြရာထူးမှ ထုတ်ပယ်သွားဖွယ်ရှိကြောင်း သတင်းများက ဖော်ပြခဲ့သည်။

ဘရာဇီးအသင်းသည် ၂၀၂၄ ကိုပါ အမေရိကဖလား ပြိုင်ပွဲ ကွာတားဖိုင်နယ်အဆင့်မှ ထွက်ခွာခဲ့ရခြင်းကြောင့် နည်းပြ ဒိုရီဗယ်လ်အား ရာထူးမှ ထုတ်ပယ်သွားဖွယ်ရှိနေသည်။ **(အပေါ်ယာပုံ)**

နည်းပြ ဒိုရီဗယ်လ်သည် ဘရာဇီးအသင်းအား ၂၀၂၄ ခုနှစ် ဇန်နဝါရီ ၁၀ ရက်က စတင်ကိုင်တွယ်ပြီး ပြိုင်ပွဲ ၈ ပွဲသာ ကိုင်တွယ်ထားရသေးသည်။

ထို့ကြောင့် နည်းပြဒိုရီဗယ်လ်အနေဖြင့် လက်ရှိထွက်ပေါ်နေသည့် သတင်းများအတိုင်း ဘရာဇီးအသင်းနည်းပြ ရာထူးမှ ထုတ်ပယ်ခံရမည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။(NGB)

## ဝယ်လ်ဒီမာအန်တွန် ဒေါ့မွန်အသင်းတွင် ကျောနံပါတ် ၃ ဂျာစီအား ဝတ်ဆင်ကစားမည်

**မြူးနစ် ဇူလိုင် ၉**




နောက်ခံကစားသမားသစ် ဝယ်လ်ဒီမာအန်တွန် ဒေါ့မွန်အသင်းတွင် ကျောနံပါတ် ၃ ဂျာစီအား ဝတ်ဆင်ကစားသွားမည် ဖြစ်သည်။

အဆိုပါ နောက်ခံကစားသမားသည် လက်ရှိအပြောင်းအရွှေ့ဈေးကွက်အတွင်းတွင် စတုဂတ်အသင်းမှ ဒေါ့မွန်အသင်းသို့ ပြောင်းရွှေ့ကြေး ယူရို ၂၂ ဒသမ ၅သန်းဖြင့် ရောက်ရှိလာခြင်းဖြစ်သည်။

နောက်ခံကစားသမား ဝယ်လ်ဒီမာအန်တွန်သည် စတုဂတ်အသင်းနှင့်အတူ ၂၀၂၀-၂၀၂၁ မှ ၂၀၂၃-၂၀၂၄ ဘောလုံးရာသီအထိ ပြိုင်ပွဲစုံ ၁၂၉ ပွဲကစားပြီး ၄ ဂိုး သွင်းယူထားသည်။

အသက်(၂၇)နှစ်အရွယ်ရှိ ဝယ်လ်ဒီမာအန်တွန်က ကျွန်တော် ဒေါ့မွန်အသင်းမှာ ကျောနံပါတ် ၃ ဂျာစီအား ဝတ်ဆင်ကစားသွားမှာပါ။ ကျွန်တော်ကို နွေးထွေးစွာ ကြိုဆိုခဲ့တဲ့ အသင်းတာဝန်ရှိသူအားလုံးကို အထူးကျေးဇူးတင်ပါတယ်။ လာမည့် ဘောလုံးရာသီသစ်မှာ ဒီအသင်းနဲ့အတူ အောင်မြင်မှုများရရှိအောင် ကြိုးစားသွားမှာပါဟု ပြောသည်။

(အပေါ်ပုံ)

(NGB)

## ဘရိတ်ဝိတ်အား စတာလင်ပေါင် သန်း ၅၀ ဖြင့် မန်ချက်စတာယူနိုက်တက်အသင်း ကမ်းလှမ်း

**မန်ချက်စတာ ဇူလိုင် ၉**

မန်ချက်စတာယူနိုက်တက်အသင်းသည် အဲဗာတန် အသင်း နောက်ခံကစားသမား ဘရိတ်ဝိတ်အား စတာလင်ပေါင် သန်း ၅၀ ဖြင့် ကမ်းလှမ်းခဲ့သည်။

အသက်(၂၂)နှစ်အရွယ်ရှိ နောက်ခံကစားသမားသည် အဲဗာတန် အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၄၁ ပွဲကစားပြီး ၃ ဂိုး သွင်းယူကာ ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် မန်ချက်စတာယူနိုက်တက်အသင်းက ကမ်းလှမ်းခဲ့ခြင်း ဖြစ်သည်။

အဲဗာတန်အသင်းကလည်း မန်ချက်စတာယူနိုက်တက်အသင်း၏ဘရိတ်ဝိတ်အတွက် စတာလင်ပေါင် သန်း ၅၀ ဖြင့် ကမ်းလှမ်းလာမှုကို လက်ခံစဉ်းစားသွားဖွယ်ရှိကြောင်းလည်း သတင်းများက ဖော်ပြခဲ့သည်။

ထို့ကြောင့် မန်ချက်စတာယူနိုက်တက်အသင်းအနေဖြင့် လက်ရှိ ဈေးကွက်အတွင်းတွင် အဲဗာတန်အသင်းထံမှ ဘရိတ်ဝိတ်အား ရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည်ဖြစ်သည်။ **(အောက်ပုံ)(NGB)**



## အလန်စိန့်မာဆီမင်အား ခေါ်ယူရန် ဖီနာဘာချီအသင်း စီစဉ်

**လန်ဒန် ဇူလိုင် ၉**

ဖီနာဘာချီအသင်းသည် Al-Ahli အသင်း တောင်ပံကစားသမား အလန်စိန့်မာဆီမင်အား ခေါ်ယူရန် စီစဉ်လျက်ရှိသည်။

အသက်(၂၇)နှစ်အရွယ်ရှိ တောင်ပံကစားသမားသည် Al-Ahli အသင်းနှင့်အတူ ပြီးခဲ့သည့် ဘောလုံးရာသီက ပြိုင်ပွဲစုံ ၃၁ ပွဲကစားကာ ၄ ဂိုး သွင်းယူပြီး ခြေစွမ်းပြနိုင်ခဲ့ခြင်းကြောင့် ဖီနာဘာချီအသင်းက ခေါ်ယူရန် စီစဉ်လာခြင်းဖြစ်သည်။



အလန်စိန့်မာဆီမင် ကိုယ်တိုင်ကလည်း နည်းပြ မော်ရင်ဟိုကိုယ်တိုင်နေသည့် ဖီနာဘာချီအသင်းသို့ ပြောင်းရွှေ့ကစားလိုကြောင်း ထုတ်ဖော်ပြောကြားထားသည်။

ထို့ကြောင့် ဖီနာဘာချီအသင်းအနေဖြင့် လက်ရှိဈေးကွက်အတွင်းတွင် Al-Ahli အသင်းထံမှ အလန်စိန့်မာဆီမင်အားရရှိအောင် ခေါ်ယူနိုင်မည်လားဆိုသည်မှာ စောင့်ကြည့်ရမည် ဖြစ်သည်။

(ဝဲပုံ)

(NGB)

## ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ ဆီမီးဖိုင်နယ်ပွဲစဉ် — နိုင်ကမ္ဘာ

**နယ်သာလန် - အင်္ဂလန်**

ဇူလိုင် ၁၁ ရက်(ကြာသပတေးနေ့) နံနက် ၀၁း၃၀ နာရီ

**နှစ်သင်းထိပ်တိုက်တွေ့ဆုံမှု**

| | | | | | | |
|---|---|---|---|---|---|---|
| ၁၅-၆-၁၉၈၈ | အင်္ဂလန် | ၁-၃ | နယ်သာလန် | | | (ယူရို ၈၈ အုပ်စု) |
| ၁၇-၆-၁၉၉၀ | ။ | ၀-၀ | ။ | | | (ကမ္ဘာ့ဖလား ၉၀ အုပ်စု) |
| ၁၉၉၃ | အင်္ဂလန် | ၂-၂ | နယ်သာလန် | ၂-၀ | အင်္ဂလန် | (ကမ္ဘာ့ဖလား ၉၄ ခြေစစ်ပွဲ) |
| ၁၉-၆-၁၉၉၆ | နယ်သာလန် | ၁-၄ | အင်္ဂလန် | | | (ယူရို ၉၆ အုပ်စု) |
| ၇-၆-၂၀၁၉ | ။ | ၁-၁ | ။ | | | (UEFA နေရှင်းလိဂ် ဆီမီး) |

**(အချိန်ပိုတွင် ၂-၀ ဖြင့် နယ်သာလန်နိုင်)**

**နှစ်သင်း၏ ဆီမီးဖိုင်နယ်အထိ ဖြတ်ကျော်မှု**

| | | | | | | |
|---|---|---|---|---|---|---|
| ပိုလန် | ၁-၂ | နယ်သာလန် | (အုပ်စုအဆင့်) | ဆားဘီးယား | ၀-၁ | အင်္ဂလန် |
| နယ်သာလန် | ၀-၀ | ပြင်သစ် | ( ။ ) | ဒိန်းမတ် | ၁-၁ | အင်္ဂလန် |
| နယ်သာလန် | ၂-၃ | ဩစတြီးယား | ( ။ ) | အင်္ဂလန် | ၀-၀ | ဆလိုဗေးနီးယား |
| ရိုမေးနီးယား | ၀-၃ | နယ်သာလန် | (၁၆-သင်း အဆင့်) | အင်္ဂလန် | ၁-၁ | ဆလိုဗက်ကီးယား |
| | | | | (အချိန်ပိုတွင် ၁-၀ ဖြင့် အင်္ဂလန်နိုင်) | | |
| နယ်သာလန် | ၂-၁ | တူရကီယဲ | ( ကွာတား ) | အင်္ဂလန် | ၁-၁ | ဆွစ်ဇာလန် |
| | | | | (ပင်နယ်တီ ၅-၃ ဖြင့် အင်္ဂလန်နိုင်) | | |

နယ်သာလန်နှင့် အင်္ဂလန်တို့ ခြေစမ်းပွဲများအပါအဝင် ပြိုင်ပွဲစုံ၌ (၂၃)ကြိမ် ဆုံတွေ့ခဲ့ရာ နယ်သာလန်က (၇)ကြိမ် အနိုင်ရပြီး (၉)ကြိမ် သရေကျကာ (၇)ကြိမ် ရှုံးနိမ့်ထားသဖြင့် အစဉ်အလာအရ ခြေစွမ်းညီနေကြောင်း တွေ့ရသဖြင့် ပွဲအချိန်အတွင်း သရေကျကာ အချိန်ပို၊ ပင်နယ်တီအထိ ကြည့်ရနိုင်ပြီး ပွဲချိန်အတွင်း အနိုင်ဆိုပါက ဗိုလ်စွဲမည်ဟု နာမည်ကြီးနေသော အင်္ဂလန်တို့ ကပ်နိုင်မည်ဟု ခန့်မှန်းချင်ပါသည်။

**နှစ်သင်း၏နောက်ဆုံး ၅ ပွဲ ရလဒ်**

နယ်သာလန်-နိုင်၊သရေ၊ရှုံး၊နိုင်၊နိုင်

အင်္ဂလန်-နိုင်၊သရေ၊သရေ၊နိုင်၊နိုင်

## ၂၀၂၄ ကိုပါ အမေရိကဖလား ဘောလုံးပြိုင်ပွဲ(ဆီမီးဖိုင်နယ်) — နိုင်ကမ္ဘာ

**ဥရုဂွေး - ကိုလံဘီယာ**

ဇူလိုင် ၁၁ ရက်(ကြာသပတေးနေ့) နံနက် ၆း၃၀ နာရီ

**နှစ်သင်းနောက်ဆုံးတွေ့ဆုံမှု**

| | | | | |
|---|---|---|---|---|
| ၃၁-၅-၁၉၆၂ | ဥရုဂွေး | ၂-၁ | ကိုလံဘီယာ | (ကမ္ဘာ့ဖလား ၆၂ အုပ်စု) |
| ၁၉-၇-၁၉၉၅ | ။ | ၂-၀ | ။ | (ကိုပါ အမေရိကဖလား ဆီမီး) |
| ၁-၇-၁၉၉၉ | ။ | ၀-၁ | ။ | (ကိုပါ အမေရိကဖလား အုပ်စု) |
| ၂၅-၇-၂၀၀၄ | ကိုလံဘီယာ | ၁-၂ | ဥရုဂွေး | (ကိုပါ အမေရိကဖလား ဗိုလ်လုပွဲ) |
| ၉-၆-၂၀၁၄ | ကိုလံဘီယာ | ၂-၀ | ဥရုဂွေး | (ကမ္ဘာ့ဖလား ၂၀၁၄၊ ၁၆ သင်းအဆင့်) |
| ၄-၇-၂၀၂၁ | ဥရုဂွေး | ၀-၀ | ကိုလံဘီယာ | (ကိုပါ အမေရိကဖလား ကွာတား) |
| | (ပင်နယ်တီ | ၂-၄ | ဖြင့် ကိုလံဘီယာနိုင်) | |
| ၁၃-၁၀-၂၀၂၃ | ကိုလံဘီယာ | ၂-၂ | ဥရုဂွေး | (ကမ္ဘာ့ဖလား ၂၀၂၆ ခြေစစ်ပွဲ) |

**နှစ်သင်း၏ ဆီမီးဖိုင်နယ်အထိ ကျော်ဖြတ်မှု**

| | | | | | | |
|---|---|---|---|---|---|---|
| ဥရုဂွေး | ၃-၁ | ပနားမား | (အုပ်စုအဆင့်) | ကိုလံဘီယာ | ၂-၁ | ပါရာဂွေး |
| ဥရုဂွေး | ၅-၀ | ဘိုလီးဗီးယား | ( ။ ) | ကိုလံဘီယာ | ၃-၀ | ကော့စတာရီကာ |
| အမေရိကန် | ၀-၁ | ဥရုဂွေး | ( ။ ) | ဘရာဇီး | ၁-၁ | ကိုလံဘီယာ |
| ဥရုဂွေး | ၀-၀ | ဘရာဇီး | ( ကွာတား ) | ကိုလံဘီယာ | ၅-၀ | ပနားမား |

(ပင်နယ်တီ ၄-၂ ဖြင့် ဥရုဂွေးနိုင်)

ဥရုဂွေးနှင့် ကိုလံဘီယာတို့ ခြေစမ်းပွဲများအပါအဝင် ပြိုင်ပွဲစုံ၌ (၂၁)ကြိမ်ဆုံတွေ့ခဲ့ရာ ဥရုဂွေးက (၁၀)ကြိမ် အနိုင်ရထားပြီး (၅)ကြိမ် သရေကျကာ (၆)ကြိမ် ရှုံးနိမ့်ထားသဖြင့် အစဉ်အလာအရ ဥရုဂွေးတို့ အသာရနေသော်လည်း တောင်အမေရိက အတွင်းသိ နှစ်သင်း တွေ့ဆုံမှုပွဲဖြစ်၍ အကြိတ်အနယ်ရှိမည်ဖြစ်ပြီး သရေကျကာ ပင်နယ်တီအထိ ကြည့်ရကိန်းရှိသည့် ပွဲမျိုးဖြစ်သည်။ ပွဲချိန်အတွင်း အနိုင်ဆိုပါက ဥရုဂွေးကိုသာ ကပ်နိုင်မည်ဟု ခန့်မှန်းချင်ပါသည်။

**နှစ်သင်း၏နောက်ဆုံး ၅ ပွဲ ရလဒ်**

ဥရုဂွေး-နိုင်၊နိုင်၊နိုင်၊နိုင်၊နိုင်

ကိုလံဘီယာ-နိုင်၊နိုင်၊နိုင်၊သရေ၊နိုင်



## ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ အသိပညာပေး ဟောပြောပွဲ ကျင်းပ

**လှိုင်လင် ဇူလိုင် ၉**

လှိုင်လင်မြို့၊ အထက(၂) ကျောင်းတွင် ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ အသိပညာပေးဟောပြောပွဲကို ဇူလိုင် ၈ရက် မွန်းလွဲပိုင်းက လူမှုဝန်ထမ်း ဦးစီးဌာနဘေးအန္တရာယ် စီမံခန့်ခွဲမှုဦးစီးဌာန၊ ပြန်ကြားရေး နှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန နှင့် အမှတ်(၃) လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ် တို့ပူးပေါင်း၍ အသိပညာပေး ဟောပြောကြသည်။ **(အပေါ်ပုံ)**

ရှေးဦးစွာ ကျောင်းအုပ်ဆရာမကြီး ဒေါ်ဖြိုးဖြိုးအေးမှ အဖွင့်အမှာစကား ပြောကြားသည်။ ထို့နောက် လူမှုဝန်ထမ်းဦးစီးဌာန ခရိုင်ဦးစီးမှူးက ကလေးသူငယ် အခွင့်အရေးဆိုင်ရာများကို လည်းကောင်း၊ အမှတ်(၃)လူကုန်ကူးမှု တားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့စိတ်မှ ဒုတိယရဲမှူးက လူကုန်ကူးခြင်း ဆိုင်ရာ သိကောင်းစရာများကို လည်းကောင်း၊ ဘေးအန္တရာယ် စီမံခန့်ခွဲမှုဦးစီးဌာန ခရိုင်ဦးစီးမှူးက သဘာဝဘေးအန္တရာယ်ဆိုင်ရာ သိကောင်းစရာများကိုလည်းကောင်း၊ ပြန်ကြားရေးနှင့်ပြည်သူ့ ဆက်ဆံရေး ဦးစီးဌာန ခရိုင်ဦးစီးမှူးက လူငယ်နှင့်လူမှုကွန်ယက် အသုံးပြုခြင်းဆိုင်ရာ သိကောင်းစရာများ အကြောင်းကို လည်းကောင်း အသီးသီး ဟောပြောကြသည်။

ဆက်လက်၍ အသိပညာပေး ဟောပြောခြင်းအပေါ် ကျောင်းသား၊ ကျောင်းသူများ၏ မှတ်သားပြုစွမ်းရည် စိစစ်ခြင်း၊ မေးမြန်းခြင်းနှင့်ဂုဏ်ပြုဆုများကို တာဝန်ရှိသူများက ပေးအပ်ချီးမြှင့်ကြသည်။

အဆိုပါ အသိပညာပေး ဟောပြောပွဲသို့ ကျောင်းအုပ်ဆရာမကြီးနှင့် ဆရာ၊ဆရာမများ၊ ကျောင်းသား၊ကျောင်းသူ ၁၅၀ဦး တက်ရောက်ကြသည်။

**မြို့နယ်(ပြန်/ဆက်)**

## ယခုဘဏ္ဍာနှစ် ၃ လတာအတွင်း ပြည်တွင်း၌ နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၉ ခုဝင်ရောက်

ပြည်တွင်း၌ နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုများ ဝင်ရောက်လျက်ရှိရာ ယခုဘဏ္ဍာနှစ် သုံးလတာကာလအတွင်း နိုင်ငံခြား ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၉ ခု ဝင်ရောက်ခဲ့သည်။

ပြည်တွင်းကုန်ထုတ်လုပ်မှု ကဏ္ဍတွင် နိုင်ငံခြားရင်းနှီးမြှုပ်နှံမှု လုပ်ငန်း ၁၈ ခုနှင့် စိုက်ပျိုးမွေးမြူရေးကဏ္ဍတွင် လုပ်ငန်းတစ်ခု ဖြစ်သည်ဟု ဆိုသည်။

ပြည်တွင်း၌ ပြည်ပမှစက်မှုကဏ္ဍ၊ မွေးမြူရေးကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ စတဲ့ကဏ္ဍအသီးသီးတွင် ရင်းနှီးမြှုပ်နှံ ဆောင်ရွက်သည့်အတွက် ပြည်တွင်းမှာ အလုပ်အကိုင်အခွင့်အလမ်းများ ရရှိလာကြောင်း၊ ရင်းနှီးမြှုပ်နှံလုပ်ငန်းများကို မြန်မာနိုင်ငံ ရင်းနှီးမြှုပ်နှံမှု ကော်မရှင်(MIC) မှ စိစစ်ခွင့်ပြုပေးသည်။

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်း ၁၉ခုတွင် အမေရိကန်ဒေါ်လာ ၆၄ သန်းကျော်ရှိပြီး ရင်းနှီးမြှုပ်နှံမှု တိုးမြှင့်သည့်ပမာဏ စုစုပေါင်း အမေရိကန်ဒေါ်လာ ၁၄၇ သန်းကျော်ရှိကြောင်း၊ အင်ဒိုနီးရှားနိုင်ငံ အနေဖြင့် အမေရိကန်ဒေါ်လာ ၂၁ သန်းနီးပါး ရင်းနှီးမြှုပ်နှံထား ရာ တရုတ်နိုင်ငံပြီးလျှင် ဒုတိယ အများဆုံးဖြစ်သည်။

ရင်းနှီးမြှုပ်နှံမှုလုပ်ငန်းများ၏ မတည်ရင်းနှီးငွေ တိုးမြှင့်ခြင်း အပါအဝင် စက်မှုကဏ္ဍ၊ လျှပ်စစ်ကဏ္ဍ၊ သတ္တု တူးဖော်ရေးကဏ္ဍ စသည်တို့မှ လုပ်ငန်းသစ် သုံး ခုကို MIC မှ ခွင့်ပြုခဲ့ပြီး အဆိုပါ လုပ်ငန်းများ ရင်းနှီးမြှုပ်နှံမှု ပမာဏမှာ အမေရိကန်ဒေါ်လာ ၈၉ ဒသမ ၁၄၆ သန်းနှင့် ငွေကျပ် သန်းပေါင်း ၂၇၅၀၀ ဖြစ်သည်။

ပြည်တွင်းသို့ဝင်ရောက်လာသည့် ရင်းနှီးမြှုပ်နှံသည့်နိုင်ငံများမှာ တရုတ်၊ အိန္ဒိယ၊ အင်ဒိုနီးရှားနှင့် စင်္ကာပူတို့မှဖြစ်ပြီး ၂၀၂၃-၂၀၂၄ ခုနှစ်၊ ဘဏ္ဍာနှစ်တွင် ပြည်တွင်း နိုင်ငံခြားရင်းနှီးမြှုပ်နှံမှုပမာဏမှာ အမေရိကန်ဒေါ် လာ သန်း ၆၆၀ ကျော်ရှိခဲ့ ကြောင်း သိရသည်။

**(မန္တလေးနေ့စဉ်-၉)**



## သတ်မှတ်အခြေခံဈေးနှုန်းဖြင့် ဆန်နှင့်စားသုံးဆီများ ရောင်းချပေးလျက်ရှိ

**မုံရွာ ဇူလိုင် ၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့တွင် သတ်မှတ်အခြေခံ ဈေးနှုန်းဖြင့် ဆန်နှင့်စားသုံးဆီ များ ရောင်းချပေးလျက်ရှိသည်။

ပြည်တွင်းစားသုံးဆန်၊ ဆီ ဈေးနှုန်းတည်ငြိမ်စေရေးအတွက် စစ်ကိုင်းတိုင်းဒေသကြီးအစိုးရ အဖွဲ့၏ လမ်းညွှန်ချက်နှင့်အညီ တိုင်းဒေသကြီး စားသုံးသူရေးရာ ဦးစီးဌာနမှ ဦးဆောင်သော တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာတာဝန်ရှိသူများ၊ ဆန်ကုန်သည်နှင့် ဆန်စက်လုပ်ငန်းရှင်များ ပူးပေါင်းကာ ရောင်းချပေးခြင်းဖြစ်သည်။



မုံရွာမြို့၊အိုးဘိုတောင်ရပ်ကွက်ရှိ ဗန္ဓုလဈေးတွင် ဇူလိုင် ၄ ရက်နံနက်ပိုင်းက စားသုံးသူပြည်သူများအတွက် ပေါ်ဆန်းမွှေးဆန်၊ ဧရာမင်းဆန်နှင့် ဧည့်မထဆန်များကို သတ်မှတ်အခြေခံဈေးနှုန်းတို့ဖြင့် ရောင်းချပေးခဲ့သည်။

ဆန်များရောင်းချပေးရာတွင် ရွှေဘိုပေါ်ဆန်းဆန် တစ်ပြည် ၅၈၀၀ ကျပ်၊ ဧရာမင်းဆန် တစ်ပြည် ၄၂၀၀ ကျပ်၊ ဧည့်မထဆန် တစ်ပြည် ၂၈၀၀ ကျပ်ဖြင့် တစ်ဦးလျှင် ဆန်နှစ်ပြည်နှုန်းဖြင့် လူဦးရေ ၉၀၀ ကျော်ခန့်ကို ရောင်းချပေးခဲ့သည်။

စားသုံးသူပြည်သူများအတွက် စားသုံးဆီများကိုလည်း သတ်မှတ်ဈေးနှုန်းနှင့်အညီ တစ်ဦးလျှင် တစ်ပိဿာနှုန်းဖြင့် စုစုပေါင်း ဆီပိဿာ ၃၃၀ကို ဆီကုန်သည်များက ရောင်းချပေးခဲ့ကြောင်း သိရသည်။ **(အပေါ်ဝဲပုံ)(၃၉၄)**

## နွေနှမ်းခေါင်နှံရွေးချယ်၍ မျိုးသန့်ပွားများခြင်းလုပ်ငန်းဆောင်ရွက်

**နတ်မောက် ဇူလိုင် ၉**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ် စိုက်ပျိုးရေး ဦးစီးဌာနမှ ဘုန်းတော်ပြည့်ကျေးရွာ သရက်ချဉ်ပင်ကွင်းတွင် နွေနှမ်းခေါင်နှံရွေးချယ်၍ မျိုးသန့်ပွားများခြင်းလုပ်ငန်းကို ယမန်နေ့ နံနက်ပိုင်းက တောင်သူများနှင့်ပူးပေါင်းဆောင်ရွက်ခဲ့ကြသည်။ **(အောက်ပုံ)**

ထိုသို့ ဆောင်ရွက်ခဲ့ရာ နတ်မောက်မြို့နယ်၌ ၂၀၂၄-၂၀၂၅ခုနှစ် နွေနှမ်းစိုက်ပျိုးရာသီတွင် ၇၈၅၈ဧက စိုက်ပျိုးထားရှိပြီး မျိုးကွဲနှမ်းများအနေဖြင့် ရွှေတဆုတ်၊ ဆင်းရတနာ-၁၄၊ ဆင်းရတနာ-၄မျိုးများ စိုက်ပျိုးထားရှိရာ မြို့နယ်အတွင်း မျိုးသန့်ပွားများ စိုက်ပျိုးနိုင်ရေးအတွက် တစ်ပင်အသီး ၇၀ကျော်ရရှိသော အပင်တစ်ဧကလျှင် ၁၀၀၀ပင် ရွေးချယ်ခြင်းလုပ်ငန်းများကို မြို့နယ်စိုက်ပျိုးရေးဦးစီးဌာနရှိ ဝန်ထမ်းများနှင့်ဒေသခံတောင်သူများ ပူးပေါင်း၍ ဆောင်ရွက်ခဲ့သည်။

အဆိုပါ နှမ်းခေါင်ပင်မှ ရရှိသော မျိုးနှမ်းများအား လာမည့်နှစ် နွေနှမ်းစိုက်ပျိုးချိန်တွင် စိုက်ပျိုးသွားမည်ဖြစ်ပြီး မျိုးစေ့ထုတ်လုပ်ငန်းများအား တောင်သူများဖြင့် ပူးပေါင်း၍ ဆက်လက်ဆောင်ရွက်ပေးသွားမည်ဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိထံမှ သိရသည်။

**(လှဝင်း)**



လျှပ်စစ်သုံးလျှင် သတိယှဉ်
ဝန်အားမမျှ မသုံးရ။

## မြို့နယ်ကြက်ခြေနီအသင်းခွဲများ၏ ရေဘေးကာကွယ်ရေးကြိုတင်ပြင်ဆင်မှုအခြေအနေ ကြည့်ရှု

**မန္တလေး ဇူလိုင် ၉**

မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌ ဒေါက်တာသိန်းထွန်းဆောင်၊ တိုင်းဒေသကြီးကြက်ခြေနီတပ်ဖွဲ့မှူး ဦးကျော်ကျော်နှင့် ကြီးကြပ်မှုကော်မတီဝင်များသည် ဇူလိုင် ၈ ရက် နံနက်ပိုင်းက ချမ်းအေးသာစံမြို့နယ်၊ ၇၁လမ်းနှင့်၂၇လမ်းထောင့်ရှိ မန္တလေးတိုင်းဒေသကြီး ကြက်ခြေနီအရေးပေါ် ကွပ်ကဲရေးစခန်း EOA မှ ရေဘေးကာကွယ်ရေး ဆောင်ရွက်မှုများကို ကြည့်ရှုခဲ့သည်။

ဆက်လက်၍ တိုင်းဒေသကြီး ကြက်ခြေနီကြီးကြပ်မှုကော်မတီ ဥက္ကဋ္ဌနှင့်အဖွဲ့သည် ဧရာဝတီမြစ်ရေ မြင့်တက်လာသဖြင့် မြစ်ကမ်းဘေး မြို့နယ်များဖြစ်သော အောင်မြေသာစံမြို့နယ်၊ ချမ်းအေးသာစံမြို့နယ်၊ မဟာအောင်မြေမြို့နယ်၊ အမရပူရမြို့နယ် ကြက်ခြေနီအသင်းခွဲများ၏ ကြိုတင်ပြင်ဆင်မှု အခြေအနေများကို လိုက်လံကြည့်ရှု၍ လိုအပ်သည်များကိုမှာကြားခဲ့ကြောင်း သိရသည်။ **(အောက်ပုံ) (၀၄၅)**





# အဆို ၊ အက ၊ အရေး ၊ အတီး ပြိုင်ပွဲအောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကျင်းပ

**တံတားဦး ဇူလိုင် ၉**

မန္တလေးတိုင်းဒေသကြီး တံတားဦးခရိုင်၊ တံတားဦးမြို့နယ်တွင် (၂၅)ကြိမ်မြောက် မြန်မာ့ရိုးရာ ယဉ်ကျေးမှု အဆို ၊ အက၊ အရေးအတီးပြိုင်ပွဲ အောင်မြင်စွာ ကျင်းပနိုင်ရေး လုပ်ငန်းညှိနှိုင်း အစည်းအဝေးကို ဇူလိုင် ၈ရက် နံနက် ၁၀နာရီက မြို့နယ်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမတွင် ကျင်းပသည်။

အခမ်းအနားတွင် အဆို၊ အကအရေးအတီးပြိုင်ပွဲ ကျင်းပရေး လုပ်ငန်းကော်မတီဥက္ကဋ္ဌ၊ တံတားဦးခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌဦးတင်ကိုလင်းက အမှာစကားပြောကြားရာတွင် (၂၅)ကြိမ်မြောက် အဆိုအကအရေးအတီး ပြိုင်ပွဲကျင်းပနိုင်ရေးအတွက် ဦးစီးကော်မတီနှင့် လုပ်ငန်းကော်မတီများ ဖွဲ့စည်းထားပြီးဖြစ်ပါကြောင်း၊ လုပ်ငန်းကော်မတီများအနေဖြင့် မြန်မာတို့၏ ယဉ်ကျေးမှု ၊ ဓလေ့ သမိုင်းအမွေအနှစ်များကို ဖော်ထုတ်ပြသနိုင်စေရန် ပူးပေါင်း ပါဝင်ဆောင်ရွက်ပေးစေလိုကြောင်း၊ လုပ်ငန်းကော်မတီများအလိုက် ဆောင်ရွက်ရမည့်လုပ်ငန်းနှင့် ပတ်သက်၍ အကြံပြုဆွေးနွေးလိုကြောင်း ပြောကြားသည်။

(အပေါ်ပုံ)

ဆက်လက်၍ အစည်းအဝေးသို့ တက်ရောက်လာကြသည့် ဌာနဆိုင်ရာများ၊ ပြိုင်ပွဲကျင်းပရေး ကော်မတီများက မိမိတို့တာဝန်ယူ ဆောင်ရွက်မည့် လုပ်ငန်းကဏ္ဍအလိုက်အသီးသီး ဆွေးနွေးတင်ပြမှုများအပေါ် ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ ဥက္ကဋ္ဌနှင့် တာဝန်ရှိသူများက လိုအပ်သည်များအပေါ် ဖြည့်စွက်ဆွေးနွေးခဲ့ကြောင်းသိရသည်။

(၄၀၉)

# ကလေးသူငယ်အခွင့်အရေးများဆိုင်ရာ ကော်မတီလုပ်ငန်းညှိနှိုင်းဆွေးနွေး

**စစ်ကိုင်း ဇူလိုင် ၉**

စစ်ကိုင်းခရိုင်၊ ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီ လုပ်ငန်းညှိနှိုင်းဆွေးနွေးပွဲကို ဇူလိုင် ၈ရက် နံနက် ၁၀ နာရီက ခရိုင်အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန အစည်းအဝေးခန်းမ၌ ကျင်းပသည်။

ဆွေးနွေးပွဲတွင် စစ်ကိုင်းခရိုင် ကလေးသူငယ်အခွင့်အရေးများဆိုင်ရာကော်မတီဥက္ကဋ္ဌ၊ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ဦးမျိုးအောင်က ကော်မတီအနေဖြင့် ကလေးသူငယ်များ၏ အဓိကကြသော အသက်ရှင်သန်ခွင့်ဖွံ့ဖြိုးတိုးတက်ခွင့်၊ ကာကွယ်စောင့်ရှောက်ခံပိုင်ခွင့်၊ ပူးပေါင်းပါဝင်ဆောင်ရွက်ခွင့်များ မဆုံးရှုံးစေရေးနှင့် ကလေးသူငယ် ကာကွယ်စောင့်ရှောက်ရေး လုပ်ငန်းများ လစ်ဟင်းမှုမရှိစေရေးအတွက် ဆောင်ရွက်ပေးလျက်ရှိပါကြောင်း၊ ခရိုင်အတွင်းရှိ ကလေးသူငယ်များ၏ ရပိုင်ခွင့်၊ အကျိုးခံစားခွင့်များ မဆုံးရှုံးစေရေးအတွက် ကော်မတီဝင်များအားလုံး တက်ညီလက်ညီပူးပေါင်းလက်တွဲပြီး ဖြေရှင်းဆောင်ရွက်သွားကြရန် ဆွေးနွေးပြောကြားသည်။



ဆက်လက်၍ ခရိုင်ကလေးသူငယ် အခွင့်အရေးများဆိုင်ရာ ကော်မတီအတွင်းရေးမှူး၊ ခရိုင်လူမှုဝန်ထမ်းဦးစီးဌာန၊ ခရိုင်ဦးစီးမှူးက ကလေးသူငယ်များနှင့်ပတ်သက်၍ လုပ်ငန်းဆောင်ရွက်ချက်များအား ရှင်းလင်းတင်ပြပြီး တက်ရောက်လာကြသည့် ဌာနဆိုင်ရာ ကော်မတီဝင်များက ကလေးသူငယ်များနှင့် ပတ်သက်၍ မိမိတို့ဌာန၏ လုပ်ငန်းဆောင်ရွက်ချက်များကို ရှင်းလင်းတင်ပြကြရာ ခရိုင်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌက လုပ်ငန်းအောင်မြင်ရေး ပေါင်းစပ်ညှိနှိုင်းဆောင်ရွက်ပေးပြီး ရှေ့လုပ်ငန်းစဉ်များ ချမှတ်ခဲ့ကြကြောင်း သိရသည်။

(အပေါ်ပုံ)

မြို့နယ်(ပြန်/ဆက်)

# မြစိမ်းရောင်ကျေးရွာစီမံကိန်းရန်ပုံငွေ ထုတ်ချေး

**မြစ်သား ဇူလိုင် ၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ဆည်ခရိုင်၊ မြစ်သားမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနက ကျေးလက်နေပြည်သူများ အလုပ်အကိုင်အခွင့်အလမ်းရရှိစေရန်နှင့် မိသားစု ဝင်ငွေတိုးပွားစေရန် နှစ်ရှာတစ်ယူနစ် မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်သည့် ကြံတော-ညောင်ဝန်းကျေးရွာ၌ အဋ္ဌမအကြိမ်မြောက် မြစိမ်းရောင်ကျေးရွာစီမံကိန်း အရင်းမပျောက်လည်ပတ်ရန်ပုံငွေ ထုတ်ချေးပေးခြင်းကို ယနေ့ နံနက်ပိုင်းက အဆိုပါ ကျေးရွာ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ မြစ်သားမြို့နယ် ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်တင်တင်မာက ကျေးရွာစီမံကိန်းကော်မတီဝင်များ၊ အသင်းသားအသင်းသူများနှင့် တွေ့ဆုံ၍ မြစိမ်းရောင်ကျေးရွာစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်ရခြင်း၏ ရည်ရွယ်ချက်နှင့် စီမံကိန်းအကျိုးကျေးဇူးများ၊ စီမံကိန်းလုပ်ငန်းများ ရေရှည်ဖွံ့ဖြိုးတိုးတက်ရေး လိုက်နာရမည့် စီမံကိန်းလက်စွဲစာစောင်ပါ စည်းမျဉ်းစည်းကမ်းများကို ရှင်းလင်းပြောကြားသည်။

ဆက်လက်၍ စီမံကိန်းတာဝန်ခံဝန်ထမ်းများက စီမံကိန်းစက်ဝန်းကာလ သတ်မှတ်ချက်များ၊အတိုးနှုန်းသတ်မှတ်ချက်များ၊ ငွေစာရင်းဇယား ပြုစုထိန်းသိမ်းရမည့် စည်းကမ်းချက်များကို ရှင်းလင်းပြောကြားပြီး မြစိမ်းရောင်ကျေးရွာစီမံကိန်း လုပ်ငန်းအဖွဲ့ဝင်များထံ ရန်ပုံငွေကျပ် ၄၇၆သိန်းကို လွှဲပြောင်းပေးအပ်ခဲ့သည်။

ထို့နောက် မြစိမ်းရောင်ကျေးရွာစီမံကိန်းလုပ်ငန်းအဖွဲ့ဝင်များက ကြံတော - ညောင်ဝန်းကျေးရွာရှိ စိုက်ပျိုးရေးလုပ်ငန်းလုပ်ကိုင်သူ ၂၂ ဦးကို ငွေကျပ် ၁၁၉သိန်း ၊ မွေးမြူရေးလုပ်ငန်းလုပ်ကိုင်သူ ၂၇ ဦးကို ငွေကျပ် ၉၅သိန်း၊ အရောင်းအဝယ်လုပ်ငန်းလုပ်ကိုင်သူ ၃၂ ဦးကို ငွေကျပ် ၁၁၉ဒသမ ၅သိန်း ၊ အသက်မွေးဝမ်းကျောင်းလုပ်ငန်း လုပ်ကိုင်သူ ၅၀ဦးကို ငွေကျပ် ၁၄၂ ဒသမ ၅ သိန်း၊ စုစုပေါင်း အသင်းသား၊ အသင်းသူ ၁၃၁ဦးကို ငွေကျပ် ၄၇၆သိန်းအား စနစ်တကျ ထုတ်ချေးပေးခဲ့ကြောင်း သိရသည်။

(အောက်ပုံ)(၄၄၅)



# သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် ရှာဖွေကယ်ဆယ်ရေးအဖွဲ့များ အသင့်ပြင်ဆင်စုဖွဲ့ထားရှိ

**ညောင်ဦး ဇူလိုင် ၉**

မန္တလေးတိုင်းဒေသကြီး၊ ညောင်ဦးမြို့ အမှတ်(၅) အရန်မီးသတ်တပ်ဖွဲ့ဝင်များက မြို့နယ်အတွင်း ရေကြီးရေလျှံမှုနှင့်အခြားသော သဘာဝဘေးအန္တရာယ်များ ကျရောက်လာပါက အလျင်အမြန် တုံ့ပြန်ဖြေရှင်း ကူညီဆောင်ရွက်နိုင်ရေးအတွက် ရှာဖွေကူညီ ကယ်ဆယ်ရေးပစ္စည်းများနှင့်အတူ အသင့် ပြင်ဆင်စုဖွဲ့ ဆောင်ရွက်ထားရှိပြီးဖြစ်သည်။

ယင်းသို့ ဆောင်ရွက်ရာတွင် ညောင်ဦးမြို့၊ အမှတ်(၅) အရန်မီးသတ်တပ်ဖွဲ့ဝင်များက ခရိုင်နှင့် မြို့နယ်မီးသတ်ဦးစီးဌာန၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် မြို့နယ်အတွင်း ရေကြီးရေလျှံမှုနှင့် သဘာဝဘေးအန္တရာယ် ကျရောက်လာပါက ဒေသခံပြည်သူများ၏ အသက်အိုးအိမ်စည်းစိမ် ထိခိုက်ဆုံးရှုံးမှု ကင်းဝေးစေရန် အရေးပေါ် ရှာဖွေကူညီ ကယ်ဆယ်ရေးလုပ်ငန်းများကို ထိထိရောက်ရောက် တုံ့ပြန်ဆောင်ရွက်သွားနိုင်ရန်အတွက် ရှာဖွေကူညီကယ်ရေးလုပ်ငန်းသုံး ပစ္စည်းများ အသုံးပြု၍ ဇာတ်တိုက် လေ့ကျင့်မှုများ ဆောင်ရွက်ကာ အသင့်စုဖွဲ့ထားရှိပြီ ဖြစ်သည်။

ထို့ပြင်ဒေသခံ ပြည်သူများ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးအတွက် အသိပညာပေး နှိုးဆော်ခြင်းလုပ်ငန်းများကိုလည်း ကွင်းဆင်းဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

(၄၄၅)

# နွေနှမ်းများ အောင်မြင်ဖြစ်ထွန်း၍ စံကွက်ရိတ်သိမ်း

**နတ်မောက် ဇူလိုင် ၉**

မကွေးတိုင်းဒေသကြီး နတ်မောက်မြို့နယ်တွင် နွေနှမ်းများ အောင်မြင်ဖြစ်ထွန်း၍ စံကွက်ရိတ်သိမ်းပွဲကို ယမန်နေ့ နံနက်ပိုင်းက ဘုန်းတော်ပြည့်ကျေးရွာ တောင်သူ ဒေါ်အေးသန်း၏ ကွင်းအမှတ်(၁၂၀၃)၊ ဦးပိုင်အမှတ် (၂၅/၁)လယ်ယာမြေ ဒသမ ၂၅ ဧကတွင် ပြုလုပ်ခဲ့သည်။

အဆိုပါ နွေနှမ်းစံကွက်ရိတ်သိမ်းပွဲသို့ မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ မြို့နယ်လယ်ယာမြေစီမံခန့်ခွဲရေးနှင့်စာရင်းအင်းဦးစီးဌာန၊ မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိနှင့် ဝန်ထမ်းများ၊ ကျေးရွာရှိ အုပ်ချုပ်ရေးမှူးနှင့် တောင်သူများ တက်ရောက်ခဲ့ကြသည်။ (အောက်ပုံ)

နတ်မောက်မြို့နယ်သည် ဆီထွက်သီးနှံနှင့် ပဲမျိုးစုံ အဓိကစိုက်ပျိုးသည့် မြို့နယ်ဖြစ်၍ ယခုနှစ် နွေနှမ်း ၇၅၈ ဧက စိုက်ပျိုးခဲ့ပြီး နွေနှမ်းတွေကတော့ ပန်းတိုင်အထွက်တိုးရရှိ၍ အောင်မြင်ဖြစ်ထွန်းလျက်ရှိရာ နတ်မောက်တမံဆည်ရေသောက် ဖြစ်သည့် ဘုန်းတော်ပြည့်ကျေးရွာ နွေနှမ်း ၁၉၈ ဧက စိုက်ပျိုးထားကာ ပန်းတိုင်အထွက်တိုးရန် နွေနှမ်းများ ရိတ်သိမ်းခြင်းဖြစ်ကြောင်း မြို့နယ်စိုက်ပျိုးရေးဦးစီးဌာန ဦးစီးအရာရှိက ရှင်းလင်းပြောကြားခဲ့သည်။

ထို့နောက် ဒေသခံတောင်သူများနှင့်အတူ လယ်ယာမြေပိုင် ဒေါ်အေးသန်း၏ နွေနှမ်းအား ရိတ်သိမ်းခဲ့ရာ တစ်ဧက အပင်ဦးရေ ကိုးသောင်းကျော်ဖြစ်ပြီး တစ်ပင်ပါ သီးလုံးဦးရေ ၆၁လုံးဖြစ်၍ တစ်ဧက(၂၁ဒသမ၂၂) တင်းနှုန်းခန့်မှန်းထွက်ရှိကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)



# အလှအပနှင့် ကျန်းမာရေးကဏ္ဍ

## ခန္ဓာကိုယ်မှာ သကြားဓာတ်အရမ်းများနေပြီဆိုရင် သိသာတဲ့အချက်များ

သကြားဟာ ကလေး၊ လူကြီး၊ လူငယ်မရွေးစားသုံးကြတဲ့ အစားအစာဖြစ်ပြီး သကြားရဲ့ ချိုတဲ့အရသာကို မကြိုက်တဲ့သူဆိုတာ ခပ်ရှားရှားပါပဲ။ သကြားကို ချိုချဉ်၊ အချိုရည်၊ ကော်ဖီနဲ့ အရမ်းချိုတဲ့ အစားအသောက်တွေကိုစားမှ သကြားပါတာ မဟုတ်ပါဘူး။ နေ့စဉ် စားနေကြဖြစ်တဲ့ ထမင်းဟင်း၊ခေါက်ဆွဲ၊ဂျုံ၊ပြောင်း၊ သစ်သီးတွေမှာလည်း သကြားဓာတ်တွေပါဝင်ပါတယ်။ ခန္ဓာကိုယ် ကောင်းမွန်စွာ လည်ပတ်နိုင်ဖို့အတွက်လည်း သကြားဓာတ်က မဖြစ်မနေလိုအပ်ပေမယ့် လိုတာထက်ပိုပြီး သကြားဓာတ်တွေ များရင်တော့ ကျန်းမာရေးထိခိုက်လာနိုင်ပြီး နာတာရှည်ရောဂါတွေဖြစ်တဲ့ ဆီးချိုနဲ့ နောက်ဆက်တွဲ ဆိုးကျိုးတွေ အများကြီးဖြစ်ပေါ်နိုင်ပါတယ်။



ခန္ဓာကိုယ်တွင်း သကြားဓာတ်များနေပြီဆိုတာကို အခုဖော်ပြမယ့် အချက်တွေကနေ သိနိုင်ပါတယ်။

(၁)အချိုဓာတ်များစွာ ပါဝင်တဲ့မုန့်တွေကို စားပြီးသွားတာတောင် မတင်းတိမ်နိုင်သေးဘဲ အချိုများတဲ့ မုန့်တွေကို ခဏခဏတောင်းတပြီး စားမိနေရင်တော့ ခန္ဓာကိုယ်တွင်း သကြားဓာတ်များနေပါပြီ။

(၂) သကြားဓာတ်များလာတဲ့အခါမှာ အဆီတွေကိုသိုလှောင်ပေးပြီး ဗိုက်ပူခြင်း၊ ခါးအဆီတက်ခြင်း၊ ပေါင်နဲ့ လက်မောင်းတွေမှာ အဆီတွေ စုလာတာမျိုးတွေဖြစ်တတ်ပါတယ်။

(၃)သကြားဓာတ်ဟာ ခန္ဓာကိုယ်တွင်းက ကော်လဂျင်ဓာတ်တွေကို လျော့ကျစေနိုင်တာကြောင့် အသားရေတင်းရင်းမှုတွေ လျော့ကျလာပြီး အရေးအကြောင်းတွေ သိသိသာသာ ဖြစ်ပေါ်လာတတ်ပါတယ်။

(၄) သကြားဓာတ်အရမ်းများလာတဲ့အခါ မကြာခဏ အစာမကြေတာတွေဖြစ်တတ်ပါတယ်။ အစာအိမ်ထဲလေထ၊ လေပွပြီး ဗိုက်တင်းပြီး ပူနေတာမျိုးတွေ ဖြစ်တတ်ပါတယ်။

(၅) ခန္ဓာကိုယ်မှာ သကြားဓာတ်အရမ်းများနေရင် အထူးသဖြင့် မျက်နှာနဲ့ ဗိုက်ဟာ ဖောင်းကားနေတတ်ပါတယ်။ မျက်နှာနဲ့ ဗိုက်ဖောင်းဖောင်းအစ်အစ်ဖြစ်နေတာတွေကို သက်သာချင်တယ်ဆိုရင်တော သကြားကိုလျှော့စားပါ။

Daisy



## ဆံပင်ကျွတ်ခြင်းကိုသက်သာစေတဲ့ ပဲနံ့သာစေ့

ဆံပင်ကျွတ်ရတဲ့အကြောင်းအရင်း အမျိုးမျိုးရှိပါတယ်။ တစ်နေ့ကို ပုံမှန်ဆံပင်အချောင်းရေ ၁၀၀ ဝန်းကျင်ထက်ကျော်ပြီး အထွေးလိုက် ကျွတ်တာမျိုးဖြစ်နေရင်တော့ သတိထားဖို့ လိုအပ်ပါပြီ။ ကျန်းမာရေးကြောင့်မဟုတ်ဘဲ ဆံပင်ဆေးဆိုးခြင်း၊ ဖြောင့်ခြင်း၊ ကောက်ခြင်း၊ ဆံပင်ပျော့ဆေး၊ပေါင်းဆေး၊ခေါင်းလျှော်ရည်တွေကြောင့် ဆံပင်ကျွတ်တာဆိုရင်တော့ သုံးနေတဲ့ပစ္စည်းတွေကို ပြောင်းလဲအသုံးပြုဖို့ လိုအပ်ပါတယ်။

ဆံပင်ကျွတ်တာကို သက်သာစေဖို့အတွက်ဆိုရင် လွယ်ကူသိနည်းပြီး အမှန်တကယ်ထိရောက်တဲ့ ပဲနံ့သာစေ့နဲ့ ဆံပင်ပေါင်းတင်နည်းကို မျှဝေပေးလိုက်ပါတယ်။ ပဲနံ့သာစေ့ ထမင်းစားဇွန်း တစ်ဇွန်းခန့်ကို ညကတည်းက ဇလုံတစ်ခုထဲမှာ ရေထည့်ပြီး စိမ်ထားလိုက်ပါ။ စိမ်ထားတဲ့ ပဲနံ့သာစေ့ကို ကြိတ်လိုက်ပြီးရင် အုန်းဆီကို ထမင်းစားဇွန်း တစ်ဝက်ခန့်ရောထည့်လိုက်ပါ။ ကြိတ်ထားတဲ့ ပဲနံ့သာစေ့အနှစ်ကို ဦးရေမှာ ပွတ်လိမ်းပေးပြီး လက်ချောင်းနဲ့ အသာအယာနှိပ်နယ်ပေးပြီး တစ်နာရီခန့် ပေါင်းတင်ထားပေးပါ။ အချိန်ပြည့်သွားပြီဆိုရင်တော့ ရေနဲ့ ဆေးချလိုက်ပြီးရင်ပုံမှန်ခေါင်းလျှော်နေကြအတိုင်းလျှော်ပေးလိုက်ပါ။ ပဲနံ့သာစေ့ဟာ ဆံပင်ကျွတ်ခြင်းကို သက်သာစေတဲ့အပြင် ဆံပင်အသစ်တွေ ပြန်ထွက်လာစေပါတယ်။ ဆံပင်အရမ်းကျွတ်နေတယ်ဆိုရင်တော့ တစ်ပတ်ကို တစ်ခါလောက် ပုံမှန်လုပ်ပေးရင် ဆံပင်ကျွတ်ခြင်းကို သက်သာလာစေမှာ ဖြစ်ပါတယ်။ Daisy

## ဂရိလူမျိုးတွေရဲ့ အလှအပ ထိန်းသိမ်းနည်း

ဂရိလူမျိုးတွေရဲ့ သမိုင်းအစဉ်အလာကလည်းကြီးမားသလို ဂရိနတ်ဘုရားတွေနဲ့ ဂရိအမျိုးသမီးတွေရဲ့ အလှအပဟာလည်း ရှေးခေတ် နှစ်ထောင်ပေါင်းများစွာကတည်းက ထင်ရှားကျော်ကြားပါတယ်။

ရှေးခေတ်နှစ်ပေါင်းများစွာကတည်းကနေ ယနေ့အချိန်အထိ ဂရိလူမျိုးတွေ အသုံးပြုကြတဲ့ အလှအပ ထိန်းသိမ်းနည်းအကြောင်းကို ဖော်ပြပေးလိုက်ပါတယ်။ ဂရိအမျိုးသမီးတွေဟာ တောက်ပပြီး စိုပြည်လှပတဲ့ အရေပြားအလှအတွက် သံလွင်ဆီကို အသုံးပြုကြပါတယ်။ နေလောင်ဒဏ်ကြောင်း အရေပြားနီရဲခြင်း၊ ယားယံခြင်းနဲ့ အသားအရေခြောက်သွေ့ ကြမ်းတမ်းတာတွေမဖြစ်အောင် သံလွင်ဆီကို အသုံးပြုကြပါတယ်။ သံလွင်ဆီအသုံးပြုပြီး အသားအရေအတွက် အသုံးပြုဖို့ဆိုရင် ရေမစိုမခြောက်အချိန်မှာ သံလွင်ဆီကို ပွတ်ပြီးမှ မျက်နှာသုတ်ပဝါနဲ့ အသာအယာပွတ်ပေးခြင်းဖြင့် အသားအရေ စိုပြည်ပြီး ချောမွေ့စေပါတယ်။ ဒီနည်းလမ်းကို အီတလီအမျိုးသမီးတွေလည်းအသုံးပြုကြပါတယ်။ အရေပြားနဲ့ နှုတ်ခမ်းသား စိုပြည်ချောမွတ်ပြီး ရွှမ်းစိုစေဖို့အတွက်လည်း အသုံးပြုကြပါတယ်။ အခြားသဘာဝပစ္စည်းတွေနဲ့ သံလွင်ဆီကို ပေါင်းစပ်ပြီး အသုံးပြုတဲ့အခါမှာလည်း သာမန်ထက်မတူတဲ့ ထူးခြားစိုပြည်မှုကို ပေးစွမ်းနိုင်ပါတယ်။သံလွင်ဆီကို ဟင်းချက်ရာမှာလည်း အသုံးပြုနိုင်သလို အသားအရေထိန်းသိမ်းဖို့အတွက်လည်း နည်းမျိုးစုံအသုံးပြုလို့ရတာကြောင့် အလှအပချစ်မြတ်နိုးသူတွေအနေနဲ့ တစ်ဘူးလောက်တော့ ဆောင်ထားသင့်ပါတယ်။ Daisy



## အမျိုးသမီးတွေကြားမှာ ခေတ်စားလာတဲ့ သဘာဝပုံစံမျက်ခုံးတက်တူး

မျက်ခုံးတက်တူးထိုးခြင်းကို မြန်မာနိုင်ငံမှာ လွန်ခဲ့တဲ့ ၁၀ နှစ်ကျော်ဝန်းကျင်ကတည်း စတင်ခေတ်စားလာတာဖြစ်ပေမယ့် အဲဒီချိန်တုန်းက မျက်ခုံးတက်တူးထိုးခြင်းကို လူနည်းစုသာ ပြုလုပ်ခဲ့ကြတာဖြစ်ပြီး မျက်ခုံးတက်တူးပုံစံကလည်း ရွေးချယ်စရာပုံစံကလည်း သိပ်မရှိသလို အရောင်ခပ်ထင်းထင်း နက်နက်ပုံစံတွေသာရှိခဲ့ပါတယ်။ လွန်ခဲ့တဲ့ ၈နှစ်ဝန်းကျင်လောက်ကနေစပြီး မျက်ခုံးမွေးတက်တူးထိုးပေးတဲ့ ဆိုင်တွေလည်း များလာတဲ့အပြင် မျက်



ခုံးထိုးနည်းပညာတွေကလည်း တိုးတက်လာတာနဲ့အမျှ မျက်ခုံးမွေးတက်တူးပုံစံကလည်း အမှင်၊ အမှုန်၊ အပိတ်၊ ကိုရီးယားပုံစံ၊ အနောက်တိုင်းပုံစံ စသည်ဖြင့် ရွေးချယ်စရာပိုများပြီး ပုံစံတွေကလည်း ပိုလှလာပါတယ်။ ၂၀၂၃ ခုနှစ်လောက်ကနေစပြီး အမျိုးသမီးတွေကြားမှာ ခေတ်စားလာတဲ့ မျက်ခုံးမွေးတက်တူးပုံစံကတော့ သဘာဝမျက်ခုံးမွေးအတိုင်း မျက်ခုံးမွေးတစ်ချောင်းချင်း သပ်ရပ်စွာပုံဖော်ထားသလိုပုံစံ (Hair Stroke) တွေ ခေတ်စားလာပါတယ်။

Hair Stroke မျက်ခုံးမွေးပုံစံမျိုးဟာ သဘာဝမျက်ခုံးမွေးပုံစံအတိုင်းဖြစ်တာကြောင့် မျက်ခုံးမွေးတက်တူးထိုးထားတာကို မသိသာချင်တဲ့သူတွေနဲ့ သဘာဝပုံစံနှစ်သက်သူတွေအတွက်တော့ ရွေးချယ်သင့်တဲ့ပုံစံဖြစ်ပါတယ်။ မျက်ခုံးမွေးတက်တူးထိုးရင်လည်း ကျွမ်းကျင်ပြီး လက်ရာသေသပ်လှပတဲ့ eyebrow tattoo artist တွေဆီမှာသာ ပြုလုပ်ဖို့ အကြံပြုချင်ပါတယ်။

Daisy

## ဝမ်းပျက်ဝမ်းလျှောရောဂါ မဖြစ်ပွားအောင် သတိပြုရမယ့်အချက်များ

အခုလတ်တလောမှာ ဖြစ်ပွားနေတဲ့ ဝမ်းပျက်ဝမ်းလျှောရောဂါ မကူးစက်၊ မပြန့်ပွားရအောင် ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါအကြောင်း သိကောင်းစရာအချက်တွေကို ဖော်ပြပေးလိုက်ပါတယ်။ ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါဟာ ဝမ်းရောဂါဖြစ်ပွားစေသော ဝမ်းရောဂါပိုးလို ရောဂါပိုးများပါရှိတဲ့ မသန့်ရှင်းတဲ့ရေနဲ့ အစားအစာတွေကို စားသောက်မိခြင်းမှတစ်ဆင့် ကူးစက်ဖြစ်ပွားစေပါတယ်။

ပြင်းထန်ဝမ်းပျက်ဝမ်းလျှောရောဂါမဖြစ်ပွားစေဖို့တွက်ဆိုရင် (၁)ရေကိုကျိုချက်(သို့)ကလိုရင်းဆေးခတ်ပြီးသောက်သုံးပါ။ (၁) အစားစာတွေကို ယင်မနားစေဖို့ အဖုံးဖြင့် ဖုံးအုပ်ပါ၊ ပူပူနွေးနွေး စားသုံးပါ။ (၃) မှိုတက်နေသော အစားစာ၊ ယင်နားအစားအစာနဲ့ အမှည့်လွန်နေတဲ့ အသီးတွေကို မစားသုံးပါနဲ့။(၄)ယင်လုံအိမ်သာကို အသုံးပြုပြီး အိမ်သာအထွက် လက်ကို ဆပ်ပြာနဲ့ စင်ကြယ်စွာဆေးပါ၊ကလေးငယ်များရဲ့ မစင်တွေကိုလည်း ယင်မနားအောင် စနစ်တကျစွန့်ပစ်ပါ၊အစားမစားမီ လက်ကိုသေချာဆေးပါ။(၅)လူနာရဲ့ အဝတ်အစားတွေကို သောက်သုံးရေကန်အနီး မလျှော်ဖွပ်ရ။ (၆) အစားအစာမကိုင်မီ၊ အစားအစာမချက်ပြုတ်ခင်မှာ လက်ကို စင်ကြယ်စွာဆေးကြောပါ။ (၇) ဝမ်းပျက်ဝမ်းလျှောပြင်းထန်ပါက နီးစပ်ရာဆေးခန်းနဲ့ ကျန်းမာရေးဌာနတွေမှာ သွားရောက်ပြသပါ။ ဓာတ်ဆားရည်သောက်ပါ။

ဝမ်းသွားတာ (၂)ရက်ကျော်သည်အထိ မသက်သာဘဲ ဝမ်းဆက်တိုက်သွားနေခြင်း၊ အလွန်အမင်းရေဆာခြင်း၊ နှုတ်ခမ်းနဲ့ အရေပြားများခြောက်ခြင်း၊ ဆီးအလွန်နည်းခြင်း(သို့)မသွားခြင်း (သို့) ဆီးအရောင်ညိုခြင်း၊ အလွန်ခေါင်းမူးခြင်း၊ပြင်းထန်စွာ ဗိုက်နာခြင်းစတဲ့ လက္ခဏာတွေဖြစ်နေပြီဆိုရင်တော့ နီးစပ်ရာ ကျန်းမာရေးဌာနကို အမြန်ဆုံးသွားရောက်ပြီး ကုသမှုခံယူကြပါ။(credit-unicef Myanmar) Daisy



ဝမ်းပျက်၊ဝမ်းလျှောခြင်း

## ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်းစီမံကိန်းရေးဆွဲနည်း သင်တန်းဆင်းပွဲကျင်းပ

**ကျောက်ပန်းတောင်း ဇူလိုင် ၉**

မန္တလေးတိုင်းဒေသကြီး၊ ကျောက်ပန်းတောင်းမြို့နယ် ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာနမှ ၂၀၂၄-၂၀၂၅ ဘဏ္ဍာနှစ်တွင် ဆောင်ရွက်မည့် ကျေးရွာဖွံ့ဖြိုးတိုးတက်ရေးလုပ်ငန်း စီမံကိန်း(VDP)နှင့် AVIP ရေးဆွဲနည်း သင်တန်းဆင်းပွဲကို ယမန်နေ့ နံနက် ၁၀နာရီက ကျေးလက်ဒေသ ဖွံ့ဖြိုးတိုးတက်ရေးဦးစီးဌာန မြို့နယ်ရုံး အစည်းအဝေးခန်းမတွင် ပြုလုပ်ခဲ့သည်။



အခမ်းအနားတွင် မြို့နယ်စီမံအုပ်ချုပ်ရေးအဖွဲ့ဥက္ကဋ္ဌ ကိုယ်စား အဖွဲ့ဝင်(၂) ဦးရွှေပိုက အဖွင့်အမှာစကားပြောကြားပြီး ကျေးလက်ဒေသဖွံ့ဖြိုးတိုးတက်ရေး ဦးစီးဌာန မြို့နယ်ဦးစီးမှူး ဒေါ်အေးအေးသက်က ယခုဖွင့်လှစ်သည့် (VDP)နှင့် AVIP ရေးဆွဲနည်း သင်တန်းကို စီမံကိန်းရေးဆွဲခြင်း၊ စာရင်းရေးသွင်းခြင်းနှင့် ငွေစာရင်းထိန်းသိမ်းခြင်းလုပ်ငန်းများ ကျွမ်းကျင်ပိုင်နိုင်စေရန်နှင့် အတူတကွ ပူးပေါင်းဆောင်ရွက်တတ်စေရန် ရည်ရွယ်ဖွင့်လှစ်ပေးခဲ့ခြင်း ဖြစ်ရာ မိမိတို့ရည်မှန်းချက် ပေါက်မြောက်အောင်မြင်မည်ဟု မျှော်လင့်ပါကြောင်းနှင့် သင်တန်းပြီးဆုံးသည်အထိ တက်ရောက်ခဲ့ကြသည့်အတွက်လည်း ကျေးဇူးတင်ရှိပါကြောင်း ပြောကြားသည်။

အဆိုပါ ကျေးရွာဖွံ့ဖြိုး တိုးတက်ရေးလုပ်ငန်းစီမံကိန်း(VDP) နှင့် AVIP ရေးဆွဲနည်းသင်တန်းကို ဇူလိုင် ၁ရက်မှ ၅ရက်အထိ ဖွင့်လှစ်ပေးခဲ့ခြင်း ဖြစ်ကြောင်းသိရပြီး ကျေးရွာ ၁၀ရွာမှ ကျေးရွာကော်မတီဝင် စုစုပေါင်း ၃၅ဦး တက် ရောက်ခဲ့ကြကြောင်းသိရသည်။ **(အပေါ်ပုံ)**

**(၄၅၆)**

## သိင်္ဂါရရောင်ခြည် စာအုပ်အား စာဖတ်ဝိုင်းကျင်းပ

**ပုသိမ်ကြီး ဇူလိုင် ၉**

ပုသိမ်ကြီးမြို့နယ်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေး ဦးစီးဌာနရှိ ပြည်သူ့စာကြည့်တိုက်၌ စီစဉ်သူ နွေးထွေး(ပုသိမ်ကြီး)၏ "သိင်္ဂါရရောင်ခြည်"သုတ၊ရသများစွာ ပါဝင်သည့် စာအုပ်အား ဇူလိုင် ၈ရက် နံနက်ပိုင်းက စာဖတ်ဝိုင်း ကျင်းပခဲ့သည်။

ရှေးဦးစွာ မြို့နယ်စာရေးဆရာ အသင်းဥက္ကဋ္ဌ နိုင်စေရ (မန်းတက္ကသိုလ်)က အဖွင့်အမှာစကားပြောကြားပြီး၊ စာဖတ်ဝိုင်းအား စတင်ခဲ့သည်။ စာရေးဆရာ နိုင်ဗလက ပုဂံသွေးမို့နွေးဆဲပါ ဆောင်းပါးအား ဖတ်ရှုဆွေးနွေးခဲ့ပြီးနောက် စာရေးဆရာ မောင်ရန်ရှင်း(ရန်ကင်းတောင်)က သိင်္ဂါရရောင်ခြည် စာအုပ်ပါ အကြောင်းများကို ခြုံငုံဆွေးနွေးပေးခဲ့သည်။ **(ယာပုံ)**



အဆိုပါ စာအုပ်သည် ကလောင်ရှင် ၂၅ဦး၏ သုတရသနှင့် ကဗျာများစွာပါဝင်သည့် စာအုပ်ကောင်း တစ်အုပ်ပင်ဖြစ်ပြီးတက်ရောက်လာသည့် မြို့နယ်စာရေးဆရာအသင်းမှ ကလောင်ရှင်များက စာဖတ်ဝိုင်းတွင် အသီးသီး ပါဝင်ဆွေးနွေးခဲ့ကြောင်း သိရသည်။ **(၀၉၅)**

ဗလငါးတန်ဖွံ့ဖြိုးဖို့
စာအုပ် စာပေ လေ့လာစို့။





ဖတ်စရာ၊ မှတ်စရာ စုံလင် ယုဒ္ဓလေး

## ဆည်းကပ်ပူဇော်ရာ အနန္တငါးဖြာ

- လူဖြစ်တန်ဖိုး၊ တည်ရှိးစေမြိုင်
ဉာဏ်နှင့်ယှဉ်ပြု၊ ကောင်းမှုတည်ခိုင်
ဒါန သီလ ပြုကြစေလိုင်
မြင့်ဂုဏ်နန်း၊ ဆင့်မြန်းပွင့်ဖူးကြိုင်။
- ဘုရားမိန့်ထား၊ တရားနာယူ
သံသရာလမ်း၊ မပန်းမာန်ထု
သံဃာအမှူ၊ မှန်ပြုပေးလှူ
နိဗ္ဗာန်ရ၊ ပြည့်ဝလူဖြစ်သူ။
- ခန္ဓာအိမ်ကြီး၊ ခရီးချိန်ခါ
မိဘတာမွေး၊ ဖကျွေးခဲ့တာ
ပညာတံတိုင်း၊ ခြံသိုင်းဆရာ
ဘဝအတွက်၊ သွန်းလျက်ဂုဏ်အင်္ဂါ။
- ဂိုဏ်းဝင်ကျေးဇူး၊ ဆပ်ဖူးရမည်
အချိန်မှုလေ့၊ မမေ့ဦးသီ
လက်ဆယ်ဖြာမိုး၊ ရှိခိုးဦးချီ
ပေးဆပ်နှစ်၊ လူဖြစ်တန်ဖိုးတည်။
- လိမ္မာသိတတ်၊ ကောင်းမြတ်စေရန်
လုပ်ကျွေးပြုစု၊ ဆပ်မှုအမှန်
ချမ်းသာကြီးပွား၊ ဂုဏ်အားဝေစံ
တောင့်တတိုင်း၊ မဆိုင်းပြည့်ရပြန်။
- ယခုမျက်မှောက် ချင့်ထောက်မြော်မြင်
ဘုရား တရား၊ စထားဦးတင်
သံဃာ မိဘ၊ ဆရာ့ဂုဏ်အင်
ဘဝအဆက်၊ စီးလျက်ရေအလျဉ်။ ။

မင်းမြတ်မိုး(မန်းမြေ)

## ကျောက်ဆည်တက္ကသိုလ်၊သတ္တဗေဒဌာနမှကြီးမှူး တိရစ္ဆာန်ရုပ်လုံးသွင်း အတတ်ပညာသင်တန်းဖွင့်လှစ်

**ကျောက်ဆည် ဇူလိုင် ၉**

ကျောက်ဆည်တက္ကသိုလ်၊ သတ္တဗေဒဌာနနှင့်သစ်တောဦးစီးဌာန၊ Htoo Zoo and Garden Business Unitsတို့ ပူးပေါင်း၍ တိရစ္ဆာန်ရုပ်လုံးသွင်း အတတ်ပညာသင်တန်းဖွင့်ပွဲကို ဇူလိုင် ၈ရက် နံနက် ၈နာရီခွဲက အဆိုပါ တက္ကသိုလ် THEATRE ခန်းမတွင် ကျင်းပခဲ့သည်။

သင်တန်းဖွင့်ပွဲသို့ ကျောက်ဆည်တက္ကသိုလ် ပါမောက္ခချုပ် ဒေါက်တာရီရီဦး၊ဒုတိယပါမောက္ခချုပ် ဒေါက်တာနီနီယဉ်၊သတ္တဗေဒဌာနပါမောက္ခ၊ဌာနမှူး ဒေါက်တာလှဲ့လှဲ့ထွန်းနှင့်ဆရာ၊ ဆရာမ များ၊ သရေခွံ ရုပ်လုံးသွင်းပညာရှင်နည်းပြများ၊ သင်တန်းသား၊ သင်တန်းသူများ တက်ရောက်ကြသည်။

သင်တန်းဖွင့်ပွဲတွင် ပါမောက္ခချုပ်က အဖွင့်အမှာစကား ပြောကြားပြီး သတ္တဗေဒဌာန၊ပါမောက္ခ၊ဌာနမှူးက သင်တန်းဖွင့်လှစ်ရခြင်း ရည်ရွယ်ချက်ကိုလည်းကောင်း၊ သရေခွံ ရုပ်လုံးသွင်းပညာရှင် ဦးဘော်သန်းက တိရစ္ဆာန်ရုပ်လုံးသွင်း အတတ်ပညာအကြောင်းတို့ကို ပြောကြားသည်။

ထို့နောက် တိရစ္ဆာန်သရေခွံ ရုပ်လုံးသွင်း အတတ်ပညာရှင် ဆရာနှင့်ဦးမျိုးနိုင်တို့က သင်တန်းသား၊ သင်တန်းသူများအား သရေခွံ ရုပ်လုံးသွင်းခြင်းများ စာတွေ့လက်တွေ့ သင်ကြားပေးသည်။ သင်တန်းကို ဇူလိုင် ၈ရက်မှ ၁၂ရက်ထိ သင်ကြားပေးသွားမည်ဖြစ်သည်။ ရှားပါးတိရစ္ဆာန်များအား သဘာဝသမိုင်းပြတိုက်တွင် သရေခွံ ရုပ်လုံးသွင်း ပြသထားသည်။

**(အောက်ပုံ)(၀၄၅)**



## သတင်းပဒေသာ

### အသား၊ငါးများအား သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချခြင်းရှိ၊ မရှိစစ်ဆေး

မကွေးတိုင်းဒေသကြီး၊ မကွေးခရိုင်၊ မြို့သစ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် စားသုံးသူပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် မြို့သစ်မြို့နယ်စည်ပင်သာယာရေးအဖွဲ့အနေဖြင့် စားသုံးသူပြည်သူများ ဈေးနှုန်းသက်သာစွာ ဝယ်ယူစားသုံးနိုင်ရေးအတွက် မြို့သစ်မြို့၊ မြို့မဈေးအတွင်း အသား၊ ငါးများအား သတ်မှတ်ဈေးနှုန်းအတိုင်း ရောင်းချခြင်းရှိ၊ မရှိကို ယမန်နေ့ နံနက်ပိုင်းက ကွင်းဆင်းစစ်ဆေးခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများ တိုက်ကျွေး

ရှမ်းပြည်နယ်(တောင်ပိုင်း)၊ ပအိုဝ်းကိုယ်ပိုင်အုပ်ချုပ်ခွင့်ရဒေသ၊ ဟိုပုံးမြို့နယ်တွင် မြို့ပေါ်ရပ်ကွက်အတွင်းရှိ မွေးကင်းစမှ အသက်(၁)နှစ်ခွဲအရွယ် ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးများ တိုက်ကျွေးထိုးနှံခြင်းကို ယမန်နေ့ နံနက် ၉ နာရီက စတင်ကာ မြို့နယ်မိခင်နှင့်ကလေး ကျန်းမာရေးဌာနရှိ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

### ဆန်၊ ဆီ၊ ဆေးနှင့်အခြားစားသောက်ကုန်များ သွားရောက်လှူဒါန်း

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာမြို့တွင် ဧရာဝတီမြစ်ရေသည် စိုးရိမ်ရေမှတ်ကျော်လွန်၍ မြေနိမ့်ပိုင်းနှင့် မြစ်ကမ်းဘေးရပ်ကွက်များသို့ ဧရာဝတီမြစ်ရေများ ဝင်ရောက်နေသောကြောင့် ရေဘေးသင့်ပြည်သူများအား ကသာမြို့ သစ်ပင်ချစ်သူများအဖွဲ့က ဆန်၊ ဆီ၊ ဆေးနှင့် အခြားစားသောက်ကုန်များကို ယမန်နေ့ နံနက်ပိုင်းက သွားရောက်လှူဒါန်းခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်း ဆောင်ရွက်

ရှမ်းပြည်နယ်(အရှေ့ပိုင်း)၊ တာချီလိတ်ခရိုင်၊ တာလေမြို့ မြို့ပေါ်ရပ်ကွက်များရှိ ကိုယ်ဝန်ဆောင်မိခင်များနှင့် အသက်(၁) နှစ်ခွဲအောက်ကလေးငယ်များအား ပုံမှန်ကာကွယ်ဆေးထိုးနှံတိုက်ကျွေးခြင်းကို ယမန်နေ့ နံနက် ၉ နာရီက တာလေတိုက်နယ် ကျန်းမာရေးဌာနရှိ ဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

### နွားများအား ကူးစက်ရောဂါကာကွယ်ဆေးထိုးနှံပေး

မကွေးတိုင်းဒေသကြီး၊ သရက်ခရိုင်၊ မင်းလှမြို့နယ်တွင် မြို့နယ်မွေးမြူရေးနှင့် ကုသရေးဦးစီးဌာနမှ ဒေသခံတောင်သူများ မွေးမြူထားသည့် နွားများအား ကူးစက်ရောဂါများ မဖြစ်ပွားစေရေး ပေါင်ပုပ်၊ လက်ပုပ်နှင့် ဒေါင့်သန်းရောဂါကာကွယ်ဆေးထိုးနှံပေးခြင်းကို ယမန်နေ့ နံနက် ၈ နာရီက ကျောက်မြောင်းကျေးရွာတွင် ထိုးနှံပေးခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

### စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြော

ကချင်ပြည်နယ်၊ ဗန်းမော်မြို့တွင် ဗန်းမော်ခရိုင် ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ အခြေခံပညာဦးစီးဌာနတို့ ပူးပေါင်းပြီး ကျောင်းသား၊ ကျောင်းသူလူငယ်များ စာကြည့်တိုက်များကို အသုံးပြုတတ်စေရန်ရည်ရွယ်၍ စာကြည့်တိုက်ဖွံ့ဖြိုးတိုးတက်ရေးနှင့် စာဖတ်ရှိန်မြှင့်တင်ရေး အသိပညာပေးဟောပြောပွဲနှင့် စာဖတ်ဝိုင်းကို ဇူလိုင် ၈ ရက် နံနက် ၉ နာရီခန့်က 'အောင်'ကိုယ်ပိုင်အထက်တန်းကျောင်းခန်းမတွင် ကျင်းပခဲ့ကြောင်း သိရသည်။ မြို့နယ်(ပြန်/ဆက်)

### အိမ်တွင်းမှု မုန့်လုပ်နည်းသင်တန်းဖွင့်

စစ်ကိုင်းတိုင်းဒေသကြီး၊ ကသာခရိုင်၊ ပြန်ကြားရေးနှင့်ပြည်သူ့ဆက်ဆံရေးဦးစီးဌာနမှ အခြေခံသင်တန်းများ ဖွင့်လှစ်ပေးလျက်ရှိရာ အိမ်တွင်းမှု မုန့်လုပ်နည်းသင်တန်း(အခမဲ့)ကို ယနေ့နံနက် ၁၀ နာရီက ခရိုင်ရုံးလူထုအခြေပြုဗဟိုဌာန(Community Centre) ခန်းမတွင် ပြုလုပ်ဆောင်ရွက်ခဲ့ကြောင်း သိရသည်။

မြို့နယ်(ပြန်/ဆက်)

## မုံရွာမြို့၊ ရွှေစည်းခုံစေတီတော်ကြီး၏ (၄၂)ကြိမ်မြောက်၊ အသံမစဲ မဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲ ကျင်းပ

**မုံရွာ ဇူလိုင် ၉**

စစ်ကိုင်းတိုင်းဒေသကြီး၊ မုံရွာမြို့၊ ရွှေစည်းခုံစေတီတော်ကြီး၏ (၄၂)ကြိမ်မြောက်၊ အသံမစဲမဟာပဋ္ဌာန်းရွတ်ဖတ်ပူဇော်ပွဲ အောင်ပွဲနှင့် ဆွမ်းဆန်စိမ်းလောင်းလှူပွဲကို ဇူလိုင် ၇ ရက်နံနက်က သာသနာ့ဗိမာန်တော်ကြီးတွင် ကျင်းပသည်။



အခမ်းအနားကို နမောတဿ သုံးကြိမ်ရွတ်ဆိုဘုရားကန်တော့၍ ဖွင့်လှစ်ကြပြီး မုံရွာမြို့၊ သတိပဋ္ဌာန်ကျောင်းတိုက် ဘဒ္ဒန္တ ဝိသုဒ္ဓ ဆရာတော်ကြီးထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်ပရိတ်သတ်များက ငါးပါးသီလ ခံယူဆောက်တည်ကြသည်။

ထို့နောက် ဆရာတော်၊ သံဃာတော်အရှင်သူမြတ်များထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက မေတ္တသုတ်ပရိတရားများ နာယူကြည်ညိုကြပြီး ဆရာတော်များနှင့်ပဌာန ဘာဏကဆရာတော်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဇနီး၊ တိုင်းဒေသကြီး အစိုးရအဖွဲ့ဝင် များနှင့်ဇနီးများ၊ တိုင်းဒေသကြီးအဆင့် ဌာနဆိုင်ရာများက လှူဖွယ်ဝတ္ထုပစ္စည်းများ ဆက်ကပ်လှူဒါန်းကြသည်။

ဆက်လက်၍ မုံရွာမြို့ ရွှေစည်းခုံ ကြံတိုင်းအောင်ကျောင်းတိုက်၊ ပဓာနနာယက ဘဒ္ဒန္တ ဝိသုတ ဆရာတော်ထံမှ တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့် ဧည့်ပရိသတ်များက အနုမောဒနာတရားနာယူကြည်ညိုပြီး လှူဒါန်းမှုအစုစုတို့အတွက် ရေစက်သွန်းချအမျှပေးဝေကာ 'ဗုဒ္ဓသာသနံစိရံတိဋ္ဌတု' သုံးကြိမ်ရွတ်ဆို ဆုတောင်းကာ အခမ်းအနားကို ရုပ်သိမ်းသည်။

ထို့နောက် ပင့်သံဃာ ဆရာတော်ကြီးများနှင့် ပဌာနဘာဏက ဆရာတော်များအား တိုင်းဒေသကြီး ဝန်ကြီးချုပ်နှင့်ဇနီး၊ တိုင်းဒေသကြီးအစိုးရအဖွဲ့ဝင်များနှင့်ဇနီးများ၊ တိုင်းဒေသကြီး၊ ခရိုင်၊ မြို့နယ်အဆင့် ဌာနဆိုင်ရာများက ဆွမ်းဆန်စိမ်းနှင့် လှူဖွယ်ဝတ္ထုပစ္စည်းများ လောင်းလှူခဲ့ကြသည်။

ဆက်လက်၍ ပင့်သံဃာ ဆရာတော်ကြီးများနှင့် ပဌာနဘာဏက ဆရာတော်များအား နေ့ဆွမ်းများ ဆက်ကပ်လှူဒါန်းခဲ့ကြောင်း သိရသည်။

(အပေါ်ပုံ)

(၃၉၄)

၀-၀-၀-၀-၀



## မန္တလေးဒေသကောလိပ် ကျောင်းသားဟောင်းများဖောင်ဒေးရှင်း ကန်တော့ခံဆရာ၊ ဆရာမကြီးများအား ကျန်းမာရေးထောက်ပံ့

**မန္တလေး ဇူလိုင် ၉**

မန္တလေးဒေသကောလိပ် ကျောင်းသားဟောင်းများ ဖောင်ဒေးရှင်းမှ All regional ကန်တော့ခံ ဆရာ၊ ဆရာမကြီးများမှ အသက် ၉၀နှစ်နှင့်အထက် တစ်လ ငွေကျပ် ၇၅၀၀၀နှုန်း၊အသက် ၈၅နှစ်အထက် တစ်လငွေကျပ် ၅၀၀၀၀ နှုန်း ရာသက်ပန်ထောက်ပံ့လျက်ရှိရာ ဇူလိုင် ၇ ရက် နံနက်ပိုင်းက ဆရာကြီး ဦးသန်းထွန်း (၈၇)နှစ် (နိုင်ငံရေးသိပ္ပံ)၏ နေအိမ်သို့ သွားရောက်၍ မန္တလေးဒေသကောလိပ်ဆရာ၊ ဆရာမများ ကျန်းမာရေးစောင့်ရှောက်မှုကော်မတီမှ ၂၀၂၄ ခုနှစ် ဇူလိုင်မှ ဒီဇင်ဘာလအထိ ကျန်းမာရေး ထောက်ပံ့ငွေကျပ် သုံးသိန်း၊ ကျောင်းသား၊ ကျောင်းသူဟောင်းများမှ သီးခြားဂါရဝပြုငွေကျပ် ၂၈၅၀၀၀၊ စုစုပေါင်းငွေကျပ် ၅၈၅၀၀၀ ပေးအပ်ကန်တော့ခဲ့သည်။ (အပေါ်ပုံ)

အလားတူ ကန်တော့ခံဆရာမကြီး ဒေါက်တာဒေါ်မူမူ(ဓာတုဗေဒ)သည် ဘယ်ဖက်နှင့်ညာဖက် မျက်စိအတွင်းတိမ် ခွဲစိတ်ကုသမှု ခံယူထားရသဖြင့် မန္တလေးဒေသကောလိပ်ကျောင်းသားဟောင်းများဖောင်ဒေးရှင်းမှ ကျန်းမာရေး ထောက်ပံ့ငွေကျပ် သုံးသိန်း၊ ကျောင်းသား၊ ကျောင်းသူဟောင်းများ သီးခြားဂါရဝပြုငွေကျပ် ၂၈၀၀၀၀ စုစုပေါင်း ကျန်းမာရေးစောင့်ရှောက်မှုထောက်ပံ့ငွေကျပ် ၅၈၀၀၀၀ ပေးအပ်ကန်တော့ခဲ့ကြကြောင်း သိရသည်။

(၀၄၅)

## မဟာမုနိဘုရားကြီး လိပ်ကန်အတွင်းမှ ငါးများ ဧရာဝတီမြစ်အတွင်း ဇီဝိတဒါနဘေးမဲ့လွှတ်

**မန္တလေး ဇူလိုင် ၉**

မန္တလေး၊ မဟာမုနိဘုရားကြီး၊ လိပ်ကန်အတွင်းရှိ ငါးများ များပြားလာခြင်းကြောင့် အောက်စီဂျင် ပြတ်လပ်သေဆုံးမှုမရှိစေရေးနှင့် ငါးသယံဇာတတိုးပွားစေရေးအတွက် ငါးကြီးများကို ဖမ်းဆီး၍ ဧရာဝတီမြစ်အတွင်း ဇီဝိတဒါနဘေးမဲ့လွှတ်ခြင်းကို ဇူလိုင် ၇ ရက်က ဆောင်ရွက်ရာ ပရဟိတ မင်းခေါင်ရှာဖွေကယ်ဆယ်ရေး အဖွဲ့နှင့် မိတ်ဖက်ညီနောင်အသင်းများမှ အသင်းသား ၇၀ ကျော်ဖြင့် လုပ်အားဒါနပြုကာသိုလ်ယူခဲ့ကြသည်။ (အောက်ပုံ)

မဟာမုနိဘုရားကြီးလိပ်ကန်အတွင်းရှိ ငါးများကို ဧရာဝတီ မြစ်အတွင်းသို့ ဇီဝိတဒါနဘေးမဲ့လွှတ်ခြင်းအတွက် ဘက်စုံအသုံးပြုရန် မန္တလေးမြို့နေ ကိုဟန်ဝင်းထွန်း+မစန်းအိလှိုင် မိသားစုကငွေကျပ် ၁၆၆၅၀၀၀ လှူဒါန်းရာ ဂေါပကအဖွဲ့ဥက္ကဋ္ဌ ဦးမြဝင်း၊ အတွင်းရေးမှူး ဦးသန်းဦးနှင့် အဖွဲ့ဝင်များက လက်ခံရယူခဲ့ကြကြောင်း သိရသည်။

(၀၄၅)

၀-၀-၀-၀-၀





## အောင်လံမြို့၌ ဧရာဝတီမြစ်ကမ်းနံဘေးရှိ နေအိမ်များသို့ ရေဘေးနှင့်မြေပြိုဘေးအန္တရာယ် ကြိုတင်ကာကွယ်ရေးနှိုးဆော်

**အောင်လံ ဇူလိုင် ၉**

မကွေးတိုင်းဒေသကြီး၊ အောင်လံခရိုင်၊ အောင်လံမြို့၌ ဧရာဝတီမြစ်ကမ်းနံဘေးရှိ နေအိမ်များသို့ ရေဘေးနှင့် မြေပြိုဘေးအန္တရာယ်ကြိုတင်ကာကွယ်နိုင်ရေးကို ဇူလိုင် ၈ ရက် နံနက် ၈ နာရီက အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန၊ ဘေးအန္တရာယ်ဆိုင်ရာ စီမံခန့်ခွဲမှု ဦးစီးဌာန၊ မြို့နယ်မီးသတ်ဦးစီးဌာန၊ မြို့နယ်ပြန်ကြားရေးနှင့် ပြည်သူ့ဆက်ဆံရေးဦးစီးဌာန၊ ရပ်ကွက်အုပ်ချုပ်ရေးမှူးများ ပူးပေါင်း၍ လိုက်လံအသိပေး နှိုးဆော်ခဲ့ကြသည်။

အဆိုပါ နှိုးဆော်မှုတွင် ဧရာဝတီမြစ်ကမ်းနံဘေးရှိ ပြည်သူများ သိရှိလိုက်နာဆောင်ရွက်စေရန် ရေဘေးနှင့်မြေပြိုဘေးအန္တရာယ်တို့ဖြစ်ပေါ်လာပါက ကြိုတင်သတိပြုကာကွယ်နိုင်စေရန်၊ သတိပြု ရှောင်ရှားသင့်သည့် အပြုအမူများကို သိရှိစေရန်၊ ရေဘေးအတွက် ကြိုတင်ပြင်ဆင်ရန် အချက်များ၊ ရေကြီးခြင်းဖြစ်ပေါ်နေချိန်တွင် ရှောင်ရှားသင့်သည့် အချက်များ၊ ရေကြီးခြင်း သတိပေးချက်ရလျှင် ဆောင်ရွက်ရန် အချက်အလက်များ၊ ရေကြီးခြင်း ဖြစ်ပေါ်နေချိန်တွင် လိုက်နာရန် အချက်တို့ကို အသိပညာပေးခြင်းလုပ်ငန်းများ ဆောင်ရွက်ခဲ့ပြီး မြစ်ကမ်းနံဘေးရှိ ပြည်သူများအား ရေဘေးပညာပေးလက်ကမ်းစာစောင်များ ဖြန့်ဝေပေးခဲ့ကြောင်း သိရသည်။

(အပေါ်ဝဲပုံ)

မျိုးသိန်း(ပြန်/ဆက်)

# အမြို့မြို့ အနယ်နယ်မှ မှုခင်းသတင်းများ

## လယ်ယာသုံးနှင့်စက်အပိုပစ္စည်းအရောင်းဆိုင်တွင် မီးလောင်ကျွမ်းမှုဖြစ်ပွား

**မန္တလေး ဇူလိုင် ၉**

မန္တလေး၊ ချမ်းအေးသာစံမြို့နယ်၊ ချမ်းအေးသာစံအလယ်ရပ်ကွက်၊ အကွက်အမှတ်(၆၀၃)၊ ၂၇လမ်း၊ ၈၂လမ်းနှင့်၈၃လမ်းကြားရှိ လယ်ယာသုံးနှင့်စက်အပိုပစ္စည်း အရောင်းဆိုင်တွင် မီးလောင်ကျွမ်းမှု ဇူလိုင် ၉ ရက် နံနက် ၅ နာရီခွဲဝန်းကျင်က ဖြစ်ပွားခဲ့သည်။

မီးလောင်ရာသို့ တိုင်းဒေသကြီး မီးသတ်ဦးစီးမှူး ညွှန်ကြားရေးမှူး ဦးဇော်ဝင်းထွန်းဦးစီး၍ သန္ဓေ၊ အရန်မီးသတ်တပ်ဖွဲ့ဝင်များသည် မီးငြိမ်းသတ်ယာဉ်များ၊ မီးသတ်ရေသယ်ယာဉ်များဖြင့် ဝိုင်းဝန်း၍ မီးငြိမ်းသတ်ခဲ့ကြပြီး မီးလောင်သည့်အကြောင်းအရင်း၊ ဆုံးရှုံးမှုတန်ဖိုးများအား စစ်ဆေးလျက်ရှိကြောင်း သိရသည်။



(အပေါ်ပုံ)(၀၅၇)

## မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်တွင် ငွေကျပ် ၂ ဒသမ ၁၇ ဘီလီယံကျော်တန်ဖိုးရှိဘိန်းဖြူ ၈၆ ဒသမ ၉ ကီလို သိမ်းဆည်းရမိ

**နေပြည်တော် ဇူလိုင် ၉**

မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ်တွင် ငွေကျပ် ၂ ဒသမ ၁၇ ဘီလီယံကျော်တန်ဖိုးရှိ ဘိန်းဖြူ ၈၆ ဒသမ ၉ ကီလို သိမ်းဆည်းရမိခဲ့ကြောင်း မြန်မာနိုင်ငံရဲတပ်ဖွဲ့မှ သိရသည်။

မူးယစ်ဆေးဝါးတားဆီးနှိမ်နင်းရေးရဲတပ်ဖွဲ့မှ တပ်ဖွဲ့ဝင်များပါဝင်သော ပူးပေါင်းအဖွဲ့သည် ဇူလိုင် ၅ ရက် မွန်းလွဲ ၃ နာရီက မန္တလေးတိုင်းဒေသကြီး ပြည်ကြီးတံခွန်မြို့နယ် ၁၁၄ x ၁၁၅ ကြား ၇၁(C)လမ်းတွင် သတင်းအရ စောင့်ဆိုင်းနေစဉ် ကြိုတင်သတင်းရရှိထားသည့် Toyota Probox မော်တော်ယာဉ်နှင့် Super Custom မော်တော်ယာဉ်တို့ ရောက်ရှိလာ၍ ရှာဖွေစစ်ဆေးခဲ့ရာ စိုးခိုင်၊ နန်းအေးဖောင်း၊ နန်းယိမ်းအွမ်နှင့် ထွန်းလင်းအောင်တို့ လေးဦးနှင့်အတူ Super Custom ယာဉ်ပေါ်မှ ဘိန်းဖြူ ၂၂ ကီလို သိမ်းဆည်းရမိခဲ့ပြီး စစ်ဆေးဖော်ထုတ်ချက်အရ ချမ်းမြသာစည်မြို့နယ် ဆ/၂ ရပ်ကွက် ၇၁ လမ်းရှိ ထွန်းလင်းအောင်ငှားရမ်းနေထိုင်သည့်နေအိမ်မှ ဘိန်းဖြူ ၆၄ ဒသမ ၉ ကီလို ထပ်မံသိမ်းဆည်းရမိခဲ့သဖြင့် စုစုပေါင်းဒေသကာလတန်ဖိုးငွေကျပ် ၂ ဒသမ ၁၇ ဘီလီယံတန်ဖိုးရှိဘိန်းဖြူ ၈၆ ဒသမ ၉ ကီလိုသိမ်းဆည်းရမိခဲ့ကြောင်း၊ စစ်ဆေးဖော်ထုတ်ချက်များအရ သိမ်းဆည်းရမိ ဘိန်းဖြူများကို ရှမ်းပြည်နယ်မှ မန္တလေးတိုင်းဒေသကြီးသို့ သယ်ဆောင်ရောင်းဝယ်ခြင်း ဖြစ်ကြောင်းသိရသဖြင့် ၎င်းတို့အား ဥပဒေအရ အရေးယူထားရှိပြီး ကွင်းဆက်ပြစ်မှုကျူးလွန်သူများကို ဆက်လက်စစ်ဆေးဖော်ထုတ်လျက်ရှိကြောင်း သိရသည်။



စိုးခိုင်၊ နန်းအေးဖောင်း၊ နန်းယိမ်းအွမ် နှင့် ထွန်းလင်းအောင်တို့ကို သိမ်းဆည်းရမိသည့် ဘိန်းဖြူများနှင့်အတူ တွေ့ရစဉ်။

သတင်းစဉ်

## ပြည်သူများ သဘာဝဘေးအန္တရာယ် ကြိုတင်ကာကွယ်နိုင်ရန်အတွက် ကွင်းဆင်းပညာပေး

**ပွင့်ဖြူ ဇူလိုင် ၉**

မကွေးတိုင်းဒေသကြီး၊ ပွင့်ဖြူမြို့နယ်၌ ဧရာဝတီမြစ်ရေမြင့်တက်မှုကြောင့် ရေကြီးရေလျှံမှုနှင့် မြေပြိုကျမှုအန္တရာယ် ကျရောက်လာပါက အချိန်နှင့်တစ်ပြေးညီ ကူညီကယ်ဆယ်ရေးလုပ်ငန်းများ ဆောင်ရွက်နိုင်ရန်နှင့် ပြည်သူများ ကြိုတင်သတိပြုကာကွယ်နိုင်ရန်ရည်ရွယ်၍ ဇူလိုင် ၇ ရက် နံနက်ပိုင်းက မြို့နယ်သဘာဝဘေးအန္တရာယ်လုပ်ငန်းကြီးကြပ်မှုကော်မတီ ဦးဆောင်သော ဌာနဆိုင်ရာတာဝန်ရှိသူများက ဧရာဝတီမြစ်ကမ်းဘေးတစ်လျှောက် ကျေးရွာများသို့ သွားရောက်ပြီး သဘာဝဘေးအန္တရာယ်ကြိုတင်ကာကွယ်ရေး အသိပညာပေးလုပ်ငန်းများ ကွင်းဆင်းဆောင်ရွက်ခဲ့သည်။

ထိုသို့ ကွင်းဆင်းဆောင်ရွက်ရာတွင် ပွင့်ဖြူမြို့နယ် သဘာဝဘေးအန္တရာယ် လုပ်ငန်းကြီးကြပ်မှုကော်မတီဥက္ကဋ္ဌ ဦးအောင်မြတ်ခိုင်နှင့်ကော်မတီအဖွဲ့ဝင်များ၊ မြို့နယ်ရဲတပ်ဖွဲ့မှူး ရဲမှူး ကျော်ခိုင်စိုးနှင့်ရဲတပ်ဖွဲ့ဝင်များ၊ မြို့နယ်မီးသတ် ဦးစီးမှူး ဦးရဲလင်းနောင်နှင့် မီးသတ်တပ်ဖွဲ့ဝင်များ ပူးပေါင်းအဖွဲ့က ဧရာဝတီမြစ်ကမ်းဘေးတစ်လျှောက် ကျေးရွာများဖြစ်သည့် ပွင့်ဖြူမြို့နယ် နန်းတော်ကျွန်းကျေးရွာ၊ သံကိုင်းကျေးရွာနှင့် ဂူကြီးကျေးရွာသို့ သွားရောက်ပြီး ဒေသခံပြည်သူများကိုတွေ့ဆုံကာ ဧရာဝတီမြစ်ရေ မြင့်တက်မှုကြောင့် ကြုံတွေ့လာနိုင်သည့် ရေကြီးရေလျှံမှု ၊ မြေပြိုကျမှု ဘေးအန္တရာယ်များနှင့်ပတ်သက်၍ ကြိုတင်ကာကွယ်သတိပြုရမည့်အချက်များ၊ သဘာဝဘေးအန္တရာယ်ကျရောက်စဉ် အကူအညီရယူရန် လုပ်ဆောင်ရမည့်နည်းလမ်းများနှင့် ဌာနဆိုင်ရာများ ပူးပေါင်း၍ ရှာဖွေကူညီကယ်ဆယ်ရေးလုပ်ငန်းများ အချိန်နှင့်တစ်ပြေးညီ ဆောင်ရွက်ပေးမည့်ကိစ္စရပ်များကို ရှင်းလင်းဆွေးနွေးဟောပြောခဲ့ကြောင်း သိရသည်။

(၄၄၅)

## တရားမဝင်သစ်မျိုးစုံ၊ စားသောက်ကုန်ပစ္စည်းများ၊ လုပ်ငန်းသုံးပစ္စည်းများနှင့်မော်တော်ယာဉ်များ ဖမ်းဆီးရမိ

**နေပြည်တော် ဇူလိုင် ၉**

တရားမဝင်ကုန်သွယ်မှု တိုက်ဖျက်ရေးဦးဆောင်ကော်မတီ၏ ကြီးကြပ်ကွပ်ကဲမှုဖြင့် တရားမဝင်ကုန်သွယ်မှုများကို ဥပဒေနှင့်အညီ ထိရောက်စွာ တားဆီးအရေးယူနိုင်ရေး ဆောင်ရွက်လျက်ရှိရာ ဇူလိုင်လ ၄ ရက်တွင် တနင်္သာရီတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မြိတ်-ထားဝယ်ကားလမ်း၊ ပေါက်တိုင်းတံတားစစ်ဆေးရေးဂိတ်အနီး၌ မော်တော်ယာဉ်တစ်စီးပေါ်မှ သွင်းကုန်ကြေညာလွှာတွင် ကြေညာထားသည်ထက် ပိုမိုပါရှိလာသည့် ထိုင်းနိုင်ငံထုတ် Royal-D ဓာတ်ဆား ထုပ်ဘူး ၇၅၀၀ အပါအဝင် ကုန်ပစ္စည်းနှစ်မျိုးနှင့် အဆိုပါပစ္စည်းများ တင်ဆောင်လာသည့် Mitsubishi Fuso Tractor Head တစ်စီးနှင့် နောက်တွဲယာဉ် (၁)တွဲကို ဖမ်းဆီးရမိခဲ့ပြီး အကောက်ခွန်လုပ်ထုံးလုပ်နည်းများနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။

ထို့ပြင် ဇူလိုင် ၇ ရက်တွင် ကချင်ပြည်နယ် တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ မိုးကောင်း-မြစ်ကြီးနား ပြည်ထောင်စုလမ်းမကြီး၊ ကျားပြောင်းစက်သုံးဆီဆိုင်အနီး၌ လိုင်စင်မဲ့ Honda Fit မော်တော်ယာဉ်တစ်စီးကို ဖမ်းဆီးရမိခဲ့ပြီး ပို့ကုန်သွင်းကုန်ဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိသည်။






ထို့အတူ ဇူလိုင် ၈ ရက်တွင် ပဲခူးတိုင်းဒေသကြီး တရားမဝင်ကုန်သွယ်မှုတိုက်ဖျက်ရေးအထူးအဖွဲ့၏ စီမံခန့်ခွဲမှုဖြင့် တာဝန်ကျပူးပေါင်းအဖွဲ့က စစ်ဆေးမှုများ ဆောင်ရွက်ခဲ့ရာ ပဲခူးခရိုင်အတွင်း၌ တရားမဝင် ကျွန်းသစ် ၇ ဒသမ ၁၆၁ တန်ကို ဖမ်းဆီးရမိခဲ့ပြီး သစ်တောဥပဒေနှင့်အညီ အရေးယူဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

(အပေါ်ပုံ)

(မန္တလေးနေ့စဉ်သတင်းအဖွဲ့)

# နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့ (SCO) ၏ စိမ်းလန်းသော ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်သို့ တက်ရောက်ပြီး နေပြည်တော်သို့ ပြန်လည်ရောက်ရှိ

နေပြည်တော် ဇူလိုင် ၉

ရှန်ဟိုင်းပူးပေါင်းဆောင်ရွက်ရေးအဖွဲ့(SCO)၏ စိမ်းလန်းသော ဖွံ့ဖြိုးတိုးတက်မှုဖိုရမ်သို့ တက်ရောက်ခဲ့သည့် နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်း ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ယနေ့ဒေသစံတော်ချိန် ညနေ ၄ နာရီခွဲတွင် ချင်းတောင်လေဆိပ်မှ လေကြောင်းခရီးဖြင့် ကူမင်းမြို့သို့ထွက်ခွာရာ တရုတ်နိုင်ငံဆိုင်ရာ မြန်မာသံအမတ်ကြီး ဦးတင်မောင်ဆွေ၊ စစ်သံမှူး ဗိုလ်မှူးချုပ် ဇော်ဇော်နိုင်၊ ချင်းတောင်မြူနီစီပယ်ဒေသ တရုတ်ကွန်မြူနစ်ပါတီ ဒုတိယအထွေထွေအတွင်းရေးမှူးချုပ် မစ္စ လင်ပင်းနှင့် တာဝန်ရှိသူများက လေဆိပ်၌ ပို့ဆောင်နှုတ်ဆက်ကြသည်။

## ကြိုဆိုနှုတ်ဆက်

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် ဒေသစံတော်ချိန် ည ၈ နာရီ ၁၅ မိနစ်တွင် ကူမင်းမြို့သို့ရောက်ရှိကြရာ ယူနန်ပြည်နယ်ပြည်သူ့အစိုးရ နိုင်ငံခြားရေးဝန်ကြီးဌာန ညွှန်ကြားရေးမှူးချုပ် မစ္စတာ ကျန်းရှစ်ကျင်း (Mr.Zhang Shijin)၊ ကူမင်းကောင်စစ်ဝန်ချုပ် ဦးသွင်ထက်လင်းနှင့် တာဝန်ရှိသူများက ကူမင်းလေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

ဆက်လက်၍ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော မြန်မာကိုယ်စားလှယ်အဖွဲ့သည် လေကြောင်းခရီးဖြင့် ကူမင်းမြို့မှ ဆက်လက်ထွက်ခွာရာ ညပိုင်းတွင် နေပြည်တော်သို့ ပြန်လည်ရောက်ရှိကြသည်။



နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းအား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီအဖွဲ့ဝင်များ၊ မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြစဉ်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ် ဦးဆောင်သော ကိုယ်စားလှယ်အဖွဲ့အား နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီအတွင်းရေးမှူး ဒုတိယဗိုလ်ချုပ်ကြီး အောင်လင်းဒွေး၊ ကောင်စီအဖွဲ့ဝင်များ၊ ပြည်ထောင်စုဝန်ကြီးများ၊ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)မှ အဆင့်မြင့် တပ်မတော်အရာရှိကြီးများ၊ နေပြည်တော်တိုင်းစစ်ဌာနချုပ်တိုင်းမှူး၊ ဒုတိယဝန်ကြီးများနှင့် မြန်မာနိုင်ငံဆိုင်ရာ တရုတ်နိုင်ငံသံရုံးနှင့် စစ်သံရုံးတို့မှ တာဝန်ရှိသူများက နေပြည်တော်လေဆိပ်၌ ကြိုဆိုနှုတ်ဆက်ကြသည်။

နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီဒုတိယဥက္ကဋ္ဌ ဒုတိယဝန်ကြီးချုပ်နှင့်အတူ ခရီးစဉ်တွင် လိုက်ပါသွားကြသည့် သယံဇာတနှင့် သဘာဝပတ်ဝန်းကျင်ထိန်းသိမ်းရေးဝန်ကြီးဌာန ဒုတိယဝန်ကြီး ဦးမင်းသူ၊ နိုင်ငံတော်စီမံအုပ်ချုပ်ရေးကောင်စီ ဒုတိယဥက္ကဋ္ဌရုံးနှင့် နိုင်ငံခြားရေးဝန်ကြီးဌာနတို့မှ အဆင့်မြင့်အရာရှိကြီးများလည်း ပြန်လည်လိုက်ပါလာခဲ့ကြကြောင်း သိရသည်။

သတင်းစဉ်

# စပိန်တို့ ပြင်သစ်ကို ခက်ခက်ခဲခဲ အနိုင်ယူပြီး ဗိုလ်လုပွဲတက်ရောက်

ဂျာမနီနိုင်ငံက အိမ်ရှင်အဖြစ် လက်ခံကျင်းပသည့် ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ၊ ဆီမီးဖိုင်နယ်ပွဲစဉ်အဖြစ် မြန်မာစံတော်ချိန် နံနက် ၁နာရီ ၃၀မိနစ်က ဂျာမနီနိုင်ငံ၊ မြူးနစ်မြို့၊ မြူးနစ်ဘောလုံးကွင်းတွင် စပိန်အသင်းနှင့် ပြင်သစ်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ စပိန်အသင်းက ပြင်သစ်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

စပိန်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၂၁မိနစ်တွင် ယာမဲလ်၊ ပွဲချိန် ၂၅မိနစ်တွင် အော်လ်မိုတို့က သွင်းယူပေးခဲ့ပြီး ပြင်သစ်အသင်းအတွက် သွင်းဂိုး တစ်ဂိုးကို ပွဲချိန် ၈မိနစ်တွင် မူအာနီက သွင်းယူပေးခဲ့သည်။

စပိန်အသင်းသည် ယူရို ၂၀၂၄ ဥရောပဖလား ဘောလုံးပြိုင်ပွဲ ဗိုလ်လုပွဲစဉ်အဖြစ် နယ်သာလန်အသင်း/အင်္ဂလန်အသင်းတို့မှ အနိုင်ရရှိမည့် အသင်းနှင့် ယှဉ်ပြိုင်ကစားသွားရမည်ဖြစ်သည်။

နိုင်ကမ္ဘာ



# မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းက အိန္ဒိယအမျိုးသမီးလက်ရွေးစင်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိ




ရန်ကုန် ဇူလိုင် ၉

FIFA International Women Friendly Matches ပွဲစဉ်အဖြစ် ယနေ့ညနေပိုင်းက မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းနှင့် အိန္ဒိယအမျိုးသမီးလက်ရွေးစင်အသင်းတို့ ယှဉ်ပြိုင်ကစားကြရာ မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းက အိန္ဒိယအမျိုးသမီး လက်ရွေးစင်အသင်းအား နှစ်ဂိုး၊ တစ်ဂိုးဖြင့် အနိုင်ရရှိခဲ့သည်။

မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းအတွက် သွင်းဂိုးနှစ်ဂိုးကို ပွဲချိန် ၁၃ မိနစ်တွင် ဝင်းသီဂီထွန်း၊ ပွဲချိန် ၇၄ မိနစ်တွင် စန်းသော်သော်တို့က သွင်းယူပေးခဲ့သည်။

မြန်မာအမျိုးသမီးလက်ရွေးစင်အသင်းသည် FIFA International Women Friendly Matches ပွဲစဉ်အဖြစ် လာမည့် ဇူလိုင် ၁၂ ရက် အိန္ဒိယအမျိုးသမီးလက်ရွေးစင်အသင်းနှင့် ထပ်မံယှဉ်ပြိုင်ကစားသွားမည်ဖြစ်သည်။

(NGB)

၀-၀-၀-၀-၀